
# မော်ဒန်အမေရိကန်စကားပြော

နှင့်

# အမေရိကန်သဒ္ဒါ

## ဟိန်းလတ်



graphic : maung thein win

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

မျက်နှာဖုံး - မောင်သိန်းဝင်း
(ပထမအကြိမ်) မေလ ၂၀၀၀ ပြည့်နှစ်
အုပ်ရေ ၁၀၀၀
အဖုံးရိုက် - ဝိဇ္ဇာပုံနှိပ်တိုက်၊ (၀၅၄၂၈)
အမှတ်(၁၉၈)၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
ကွန်ပျူတာစာစီ - နဝရတ်
ဖလင် - ဇင်ဦးနှင့်ညီများ

**"ခိုးခံ စာပေ"**မှ စီစဉ်သည်။

ဤစာအုပ်ကို အမှတ်(၄၇၄)၊ အင်းတော်လမ်း၊ တောင်ဒဂုံ စက်မှုဇုံ(၂)ဂုဏ်သီရိပုံနှိပ်တိုက်၊ ဒေါ်ခင်အေးမော် (မြ-၀၆၀၂၄) တွင် ရိုက်နှိပ်၍ ဦးဝင်းဖေ၊စာပေဗိမာန်အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့မှ ထုတ်ဝေသူမှတ်ပုံတင်အမှတ် (၄၈၁ ယာယီ) ဖြင့် ထုတ်ဝေပါသည်။

တန်ဖိုး - ၂၃၀ ကျပ်

## ကျေးဇူးစကား

ဤစာအုပ်ဖြစ်မြောက်ရေးအတွက်

အလုပ်မအားလပ်သည့်ကြားမှစာမူအကြမ်းကို (၂)

ကြိမ်တိုင်တိုင် ဖတ်ရှုပေးခဲ့သော ကျေးဇူးရှင် ဖခင်ကြီး

ဦးချူဝမ်နှင့် ဆရာဟိန်းလတ်တို့အား

အထူးကျေးဇူးတင်ရှိပါသည်။

**စိုးစံစာပေ**

**စိုးစံစာပေ**

အမှတ် ၂၉, သတိပဌာန်လမ်း၊ ကျောက်မြောင်း

တာမွေမြို့နယ်၊ ရန်ကုန်မြို့

ဖုံး - ၅၄၈၃၃၁

# အမှာစကား

❖❖❖❖❖❖❖

၁၉၇၃ခုနှစ်မှစ၍ အင်္ဂလိပ်စကားပြော (Talk English) စာအုပ်ကို စတင်ရေးသားထုတ်ဝေခဲ့ရာ ယခု(၂၇)နှစ်ကာလအတွင်း ကျွန်တော် ရေးသားထုတ်ဝေဖြစ်ခဲ့သော စာအုပ်စာရင်းမှာ အတော်ပင် ရှည်လျားလာချေပြီ။

၁။ အင်္ဂလိပ်စကားပြော (Talk English) (၁၂ ကြိမ်)

၂။ အင်္ဂလိပ်လိုဘယ်လိုပြောမယ်၊ ဘာပြောမယ်
(How to say and what to say in English) (၅)ကြိမ်

၃။ အင်္ဂလိပ်လို ဘယ်လိုရေးမယ် (How to write English) (၂ ကြိမ်)

၄။ အင်္ဂလိပ်သဒ္ဒါသင်ခန်းစာများ (၂ကြိမ်)

၅။ အင်္ဂလိပ်သဒ္ဒါပေါင်းချုပ်

၆။ Fifty Model Essays (၅ကြိမ်)

၇။ အင်္ဂလိပ်ဝါကျဖွဲ့ပုံနည်းမျိုးစုံ (၂ ကြိမ်)

၈။ အင်္ဂလိပ်အတွေး အင်္ဂလိပ်အရေး (၂ကြိမ်)

၉။ အင်္ဂလိပ်စကားပြောနှင့် ဟိန်းလတ်၏ရှင်းလင်းချက် (၃ကြိမ်)

၁၀။ လွယ်လွယ်နှင့် အင်္ဂလိပ်လိုပြောကြစို့ (၂ကြိမ်)

၁၁။ အင်္ဂလိပ်စကားပုံ ရှင်းလင်းချက်များ

၁၂။ စကားပြောအီဒီယမ် (၂ ကြိမ်)

၁၃။ ပုံပြအင်္ဂလိပ်အဘိဓါန် (၂ကြိမ်)

စိုးစံစာပေ

၁၄။ ပုံပြအင်္ဂလိပ်စကားပြော (၂ ကြိမ်)
၁၅။ အမေရိကန်အင်္ဂလိပ်စကားပြော (၃ကြိမ်)
၁၆။ အိတ်ဆောင်အင်္ဂလိပ်စကားပြော (၃ကြိမ်)
၁၇။ အိတ်ဆောင်အင်္ဂလိပ်မြန်မာအဘိဓာန်
၁၈။ မြို့တော်သုံး စီးပွားရေးအင်္ဂလိပ်စာ
၁၉။ **Pocket Essays and Letters**
၂၀။ ခေတ်ပြိုင်ဘန်းစကားများ

ယခုစာအုပ်မှာ အင်္ဂလိပ်ဘာသာစကားဆိုင်ရာ ကျွန်တော်၏ (၂၁)အုပ်မြောက် စာအုပ်ပင်ဖြစ်သည်။ (အခြားဘာသာရပ်စာအုပ်များပါပေါင်းလျှင် စုစုပေါင်း ၃၉အုပ်ရှိပြီး) ယခုစာအုပ်အမည်ကိုယ်နှိုက်ကပင် ထူးခြားသည်။ "မော်ဒန်အမေရိကန်စကားပြောနှင့် အမေရိကန်သဒ္ဒါ" **(Modern American Conversation and American Grammer)** "မော်ဒန်အမေရိကန်စကားပြော" ကို ကျွန်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ် ဟန်ချိုမြို့ရှိ "စီကျန်းတက္ကသိုလ်" အင်္ဂလိပ်စာဌာနတွင် လေ့လာသင်ယူ ခွင့်ရခဲ့၏။ အမေရိကန်တွင်ပညာသင်သွားမည့် တရုတ်ကျောင်းသားများကို သင်ကြားပေးသည့် ဘင်တန်းဖြစ်သည်။ ထိုသင်တန်းမှပို့ချချက်များကို အသေအချာလုပ်ထား၍ခေတ်မီရုံမက အသုံးလည်း အလွန်အသုံးတည့်လှသည်။ ဤပို့ချချက်မျိုးသည် မည်သည့်စာအုပ်တွင်မျှမပါပါ။ အမေရိကန်သဒ္ဒါနှင့် ပတ်သက်၍လည်း ဤစာအုပ်သည် မြန်မာနိုင်ငံတွင် ပထမဆုံးထွက်သောစာအုပ်ဖြစ်သည်။

**စိုးစံစာပေ**

TOEFL ခေါ် အမေရိကန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ သဒ္ဒါပုံစံများဖြစ်သည်။ TOEFL စာမေးပွဲဖြေမည့် သူများသာမက အမေရိကန်သဒ္ဒါကို လေ့လာလိုသူတိုင်းအတွက် အထူးအသုံးဝင်မှုလည်းရှိလှပါသည်။

ယခုနှစ်ပိုင်းများတွင် ကျွန်တော်သည် ဂျာနယ်အလုပ် လစဥ်ထုတ်မဂ္ဂဇင်းအလုပ်၊ လေ့လာသင်ကြားပို့ချသော အလုပ်များဖြင့် မအားလပ်နိုင်အောင်ရှိနေပါသဖြင့် စာအုပ်သစ်များ မရေးနိုင်ခဲ့ပါ။ ရှိနှင့်ပြီးသော စာအုပ်ဟောင်းများကိုပင် အကြိမ်ကြိမ်ပြန်လည် ရိုက်နှိပ်ထုတ်ဝေနေရပါသည်။ ယခု စာအုပ်တွင်မူ ခေတ်၏တောင်းဆိုချက်အရ အင်္ဂလိပ်ဘာသာစကားတွင် မရှိမဖြစ်သည့် ကွက်လပ်တစ်ခုကို ဖြည့်ဆီးရန် ရည်ရွယ်ချက်ဖြင့် မဖြစ်မနေရေးသား ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

ဟိန်းလတ်

B.Sc, D.L.S, D.P.T. (Canberra)

# လူမှုရေးရာအလေ့အကျင့်ဓလေ့ထုံးစံများ

## (Social Customs)

အမေရိကကိုရောက်ရင် လူမှုရေးရာဓလေ့ထုံးစံမျိုးစုံကို ကြုံရမယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေရိကန်နိုင်ငံဆိုတာက နိုင်ငံမျိုးစုံက လူမျိုးပေါင်းစုံလာပြီး အခြေချနေထိုင်တဲ့နိုင်ငံကိုး။ ဒါကြောင့် အင်္ဂလန်နိုင်ငံက အင်္ဂလိပ်လူမျိုးတွေလောက်တင်းကြပ်တဲ့ဓလေ့ထုံးစံ တွေမရှိဘူး။ လွတ်လပ်ပေါ့ပါးစွာ နေထိုင်ပြောဆိုလို့ရပါတယ်။ ဒါပေမဲ့ အရှေ့တိုင်းနဲ့ ခြားနားတဲ့ လူမှုဆက်ဆံရေးပုံစံတစ်ချို့ကိုတော့ သတိပြုနိုင်မှ အမေရိကန်စကားပြောရတာပိုပြီးအသက်ပါမှာပေါ့။

## Yes/No နဲ့ပက်သက်လို့

အမေရိကန်လူမျိုးတွေဟာ ပွင့်ပွင့်လင်းလင်းရှိကြတယ်။လုပ်မယ်ဆို၊ ဖြစ်တယ်ဆို (Yes)၊ မလုပ်ဘူး၊ မဖြစ်ဘူးဆို (No)၊ ပဲပြောကြတာပဲ။ ဥပမာဆိုပါစို့။ ကျွန်တော်တို့အိမ်တစ်အိမ်ကိုရောက်လို့အိမ်ရှင်က ဘီယာတိုက်တယ်။ ကျွန်တော်ကမသောက်ချင်ဘူးဆို **No, thanks** လို့ပြောမယ်။ (**No** ဆိုတာက မသောက်ပါဘူး။ **thanks** ဆိုတာကတော့ ဘီယာတိုက်တဲ့အတွက်ကျေးဇူးတင်ပါတယ်။) ဒါပေမယ့် တခြားသူတွေက တစ်ခုခုသောက်နေကြတယ်။ ကိုယ်လည်း သူတို့နဲ့ဝင်ပြီး လူမှုရေးအရ ရောချင်တယ်ဆိုပါဆို့။ ဒီအခါ **No,thanks. But I'll take a bit of wine (or tea or a coke) if you have some** လို့ပြောရမယ်။ (ဘီယာတော့နေပါစေ။ ကျေးဇူးပါပဲ။ ဒါပေမဲ့ ဝိုင်ကလေးရှိရင် (လက်ဖက်ရည် ဒါမှမဟုတ် ကိုကာကိုလာရှိရင်တော့)

နည်းနည်းသောက်ချင်ပါတယ်) တကယ်လို့ဘီယာသောက်ချင်တယ် ဆိုရင်တော့ **Yes, thank you** ပဲပြောပေါ့။ တစ်ခြားဧည့်သည်တွေရှိနေလို့ ကိုယ်ကအားနာရင် **'Please don't trouble yourself** (ဒုက္ခမရှာပါနဲ့ဗျာ) လို့ပြန်ပြောမှာပဲ။ တစ်ခုခုသောက်ချင်လျက်သားနဲ့ မသောက်ဘူးလို့ဟန်ဆောင်စရာမလိုပါဘူး။ မသောက်ချင်တာကိုလည်း အားနာပြီးကြိတ်မှိတ်သောက်စရာမလိုပါဘူး။ ဘာမဆိုပွင့်ပွင့်လင်းလင်းပဲပေါ့။

## Thank you နဲ့ပတ်သက်လို့

ဘာမဆိုအသေးအဖွဲ့လေးကအစ သူတစ်ပါးက တစ်ခုခုလုပ်တိုင်း **Thank you** (ကျေးဇူးတင်ပါတယ်) ပြောဖို့ဝန်မလေးနဲ့နော်။ စားပွဲထိုးက ကိုယ့်ကို လက်ဖက်ရည်ခွက်လာချပေးတာကအစ **Thank you** ပြောရမှာပဲ။ ကိုယ်ကကောင်တာမှာ ကျသင့်ငွေသွားရှင်းလို့ ငွေကိုင်စာရေးက ငွေအကြွေပြန်အမ်းပေးလည်း **Thank you** ပြောရမှာပဲ။ လမ်းမသိလို့ လမ်းညွှန်ပေးရင်လည်း **Thank you** ပဲ။ လူတစ်ယောက်ကအလုပ်များနေတဲ့ကြားက သူ့အချိန်ထဲကဖဲ့ပြီး ကိုယ့်ကိုကူညီမယ်ဆိုရင်တော့ **Thank you, I really appreciate your time** (ကျေးဇူးပါပဲ။ ခင်ဗျားရဲ့အချိန်ကုန်ခံမှုကို တကယ့်ကိုကျေးဇူးတင်ပါတယ်။)ဒီလောက်ဆိုတော်လောက်ပါပြီ။ ထပ်တလဲလဲကျေးဇူးတင်တာတွေ မီးခိုးမဆုံး၊ မိုးမဆုံးပြောနေရင် တစ်ဘက်သားအားတုံ့အားနာဖြစ်ပြီး ကိုယ့်ကိုနောက်ဆိုကူညီမှာမဟုတ်ဘူး။

ခုနောက်ပိုင်းမှာတော့ **Thank you** ဆိုတဲ့စာလုံးပုံနှိပ်ထားတဲ့ ပို့စကတ်တွေရောင်းတတ်တယ်။အဲဒါမျိုးလေးဝယ်၊ကိုယ့်လက်ရေးနဲ့

စာလေးတစ်ကြောင်း၊ နှစ်ကြောင်းရေး၊ အောက်ကလက်မှတ်ထိုးပြီး ပေးလိုက်ရင်လည်း ပိုပြီးလေးနက်တဲ့ အဓိပ္ပါယ်ကိုဆောင်တတ်ပါတယ်။ (ဒါမျိုးကိုအနောက်တိုင်းမှာ အခုပိုအသုံးများကြတယ်။)

## အပိုစကားတွေကိုရှောင်

ကိုယ်ကလည်း သူများဆီသွားအကူအညီတောင်းသေးတယ်။ သူ့ကိုလည်း " I'm sorry to have wasted your time " (ခင်ဗျားရဲ့အချိန်ကို လာဖြုန်းနေရတဲ့အတွက် ဝမ်းနည်းပါတယ်) ဆိုတဲ့ အပိုစကားတွေမပြောပါနဲ့။ သူ့အချိန်ကိုမဖြုန်းချင်ရင် အစတည်းက သွားအကူအညီမတောင်းနဲ့ပေါ့ ။ လောကဝတ်စကားဆိုတော့ အရှေ့တိုင်းသားတွေ (မြန်မာ၊တရုတ်) တစ်ချို့သာ အပိုပြောတတ်ကြတာပါ။ အမေရိကန်တွေ သိပ်မသုံးကြတာသတိပြုပါ။

## သူတစ်ပါးကချီးကျူးတဲ့အခါ

**That's a beautiful sweater you're wearing** (ရှင်ဝတ် လာတဲ့ ဆွယ်တာလေးက လှလိုက်တာ )လို့ သူတစ်ပါးကချီးကျူးရင် **Oh, no, I've had this ugly old thing for years'** (အို၊ မဟုတ်တာ ဒီဆွယ်တာမလှမပ အဟောင်းနွမ်းကြီးရှိနေတာကြာလှပါပြီ) လို့ပြန်မပြောပါနဲ့။ အလိုက်သင့်ဘဲပြန်ပြောရမှာကတော့ **Thank you. My mother knitted it for me several years ago** (ကျေးဇူးပါပဲ၊ ဒါကတော့ ကျွန်မအမေ နှစ်အတော်ကြာကတည်းက ထိုးပေးခဲ့တာလေ) လို့ပြန်ပြောမှ ယဉ်ကျေးရာရောက်ပေမပေါ့။

## လက်ဆောင်ပေးတာ

သင့်ကိုညစာစားပွဲဖိတ်တဲ့အခါ အိမ်ရှင်ဆီကို လက်ဆောင်ယူသွားစရာမလိုပါဘူး၊ လက်ဆောင်ပေးချင်သပဆိုရင်တော့ တန်ဖိုးနည်းတဲ့ အမှတ်တရလက်ဆောင်လောက်ဆို တော်ပါပြီ။ ဥပမာ ပန်းစည်းလေးကအစ ကိုယ့်တိုင်းပြည်ဖြစ် လွယ်အိတ်လေးတို့၊ ဇီးကွက်ရုပ်၊ ဟသ်ာရုပ်ကလေးတို့လောက်ပဲ အမှတ်တရပေးရင်ဖြစ်ပါတယ်။ မြန်မာကျောင်းသားလေးငါးခြောက်ယောက်ကို အမေရိကန် အိမ်ရှင်က ညစာဖိတ်တယ်ဆိုပါစို့။ ကျောင်းသားအားလုံးကိုယ်စား အမှတ်တရ ပစ္စည်းတခုခုပေးလိုက်ရင် လုံလောက်ပါတယ်။ လူစေ့တက်စေ့ တစ်ယောက်ကို ပစ္စည်းတစ်ခု ပေးစရာမလိုဘူးဆိုတာလည်း မှတ်ထားပါဦး။

## ဘယ်သူ့ဒကာခံမလဲ

တစ်ယောက်ယောက်နဲ့အပြင်ထွက်ပြီး တစ်ခုခုစားမယ်ဆိုပါစို့။သွားမစားခင် ဘယ်သူကျွေးမလဲဆိုတာ ရှင်းရှင်းမေးပါ။ ဆိုင်ရောက်မှသူရှင်းမလိုလို၊ ကိုယ်ရှင်းမလိုလို အားတုံ့အားနာမဖြစ်ပါစေနဲ့။

**Let's have lunch together tomorrow. It's on me.**

(နက်ဖြန်နေ့လယ်စာ အတူတူစားရအောင်၊ ကျုပ်ဒကာခံပါမယ်) လို့ပြောရင်တော့ ရှင်းတာပေါ့။ **Let's go Dutch** ( ကိုယ်စားတာကိုယ်ခံ) ဆိုလည်းရှင်းတာပဲ။

ကိုယ့်အိမ်ကို ထမင်းစားဖိတ်ရင် ကိုယ်ဒကာခံရမယ်။ သူ့အိမ်ကိုဖိတ်ရင် သူဒကာခံရမယ်ဆိုတာကတော့ ရှင်းပါတယ်။ **Mc Donald** တို့ **Burger King** တို့ဆိုတဲ့ ဟမ်ဘာဂါတို့၊ ကိုကာကိုလာတို့ ၊ ကြက်

ကြော်၊ အာလူးကြော်တို့ရောင်းတဲ့ ဆိုင်တွေမှာတော့ ကိုယ်စားတာ ကိုယ်ရှင်းတတ်ကြရပါတယ်။

## နေ့လယ်စာစား

Bob -Say Ko Ko, how about going to lunch.

ဘော့ -ကိုကိုရေ ၊နေ့လယ်စာ အပြင်မှာစားကြရအောင်

KoKo -I'd love to, but you know I'm living on a shoe string.

ကိုကို -စားချင်ပါတယ်။ဒါပေမယ့် မင်းသိတဲ့အတိုင်း ငါက ဘိုင်ကျနေတယ်ကွ။

Bob -Well, I'm not exactly a Rockfeller myself .How about Mc Donald's ?

ဘော့ -အေး၊ ငါကလည်း သူကြွယ်ကြီးမဟုတ်ဘူးကွ။ မက်ဒေါ်နယ်ဆိုင်ဆို ဘယ်လိုလဲ။

KoKo -O.K. I guess I can afford that once in a while.

ကိုကို -အိုကေလေ၊ ဒီလောက်တော့ ငါလည်းတစ်ခါတလေ တတ်နိုင်ပါတယ်ကွာ။

## ဒကာတော်ရေမြှောရှင်

Bob -I'd like to have a chat with you, KoKo. How about lunch tomorrow at the faculty club.?

ဘော့ -ငါမင်းနဲ့စကားပြောချင်တယ်ကိုကို။ နက်ဖြန်

တက္ကသိုလ်ကလပ်မှာ နေ့လယ်စာစားကြရရင် ဘယ့်နှယ်လဲ။

**KoKo** -I'd like to, but I'm afraid I'm living on a very light budget.

ကိုကို -ကောင်းတာပေါ့ကွာ။ ဒါပေမယ့် ငါကငွေသိပ်ကျပ်နေတယ်ကွ။

**Bob** -Oh, no,no. That's one on me.

ဘော့ -အို၊ မဟုတ်တာ။ဒီတစ်ခါ ငါဒကာခံပါမယ့်။

**KoKo** -Oh, no,no. I really couldn't accept.

ကိုကို -အိုမဟုတ်တာ။ ကျုပ်လက်မခံချင်ပါဘူး။

**Bob** -Nonsense. I won't take 'no' for an answer. I'll meet you in front of the club at 12:30 tomorrow.

ဘော့ -အဓိပ္ပါယ်မရှိတာကွာ၊ ဟင့်အင်းဆိုတဲ့အဖြေ ငါမလိုချင်ဘူးဟေ့။ မင်းကိုနက်ဖြန် ကလပ်ရှေ့မှာ ၁၂း၃၀ တွင် စောင့်နေမယ်။

**KoKo** -Well, thank you. 12:30 tomorrow then. Good - bye.

ကိုကို -ကောင်းပြီ၊ ကျေးဇူးပဲ။ ဒါဆိုနက်ဖြန် ၁၂း၃၀ နော် သွားမယ်ဟေ့။

## ရေငတ်နေတဲ့အခါမှာ

( နွေရာသီ နေ့လယ်ခင်းတစ်ခုမှာ ကိုကိုဟာ ဘော့ရဲ့အိမ်မှာ ရောက်နေတယ်။ သူသိပ်ရေငတ်နေတယ်)။

Bob -Would you like something to drink, ko ko?

ဘော့ -ကိုကို၊ တစ်ခုခုသောက်ပါလား။

KoKo -Oh, no,no, thank you. Please don't trouble yourself.

ကိုကို -အို-မဟုတ်တာဗျာ၊ ကျေးဇူးပါပဲ။ ဒုက္ခမရှာပါနဲ့။

Bob -Are you sure you wouldn't like a cold beer, or even a coke ?

ဘော့ -သေချာရဲ့လားဗျ။ ဘီယာအေးအေးလေးဖြစ်ဖြစ်၊ ကိုကာကိုလာဖြစ်ဖြစ် မသောက်ချင်ဘူးလား။

KoKo -No,really, thank you just the same.

ကိုကို -မသောက်ပါဘူး၊ တကယ်ပါဗျာ။ မသောက်ပေမယ့် လည်း ခင်ဗျားတိုက်တဲ့အတွက် ကျေးဇူးပါပဲ။

Bob -O.K

ဘော့ -အိုကေ။

(ကိုကိုဟာ ရေငတ်နေဆဲပါ။ ဘော့က သူ့ကိုဘာမျှမတိုက်ပါ ဘူးလေ၊သူကထပ်တလဲလဲ ငြင်းတယ်မဟုတ်လား အားမနာရမယ့်ဟာ ကို အားနာတဲ့အတွက် ရေငတ်တာပေါ့)

## တယ်လီဖုန်းအသိုင်းအဝိုင်းတွင်နေထိုင်ခြင်း

အနောက်နိုင်ငံကို ပထမဆုံးရောက်သူအဖို့ နေရာတကာတွင် တယ်လီဖုန်းမြည်သံများ အဆက်မပြတ်ကြားနေရသဖြင့် တော်ရုံတန်ရုံလူ ဦးနှောက်ခြောက်သွားနိုင်သည်။ သို့သော် မကြာခင်မှာပင် သင်လည်းအသားကျလာကာ အနောက်တိုင်းသားတွေလိုပင် တယ်လီဖုန်းကိုအားကိုးတတ်လာမည်။ တကယ်တော့ အနောက်နိုင်ငံတွင် တယ်လီဖုန်းမှာ မရှိမဖြစ် အိမ်သုံးကိရိယာတစ်ခုဖြစ်လာပြီ။ အိမ်ဖုန်း၊ ရုံးဖုန်းအများပြည်သူသုံးဖုန်းတွေ နေရာအနှံ့ရှိနေပါသည်။ တယ်လီဖုန်းတွင်ယခုအခါ အလိုအလျောက် ပြန်ကြားစက်တွေပါ တပ်ထားသဖြင့် ပို၍အဆင်ပြေနေသည်။ အိမ်မှာလူမရှိလျှင် (သို့)အလုပ်မအားဘဲဖြစ်နေလျှင် စက်ကိုခလုပ်နှိပ်ရုံဖြင့် အလိုအလျောက်ပြန်ကြားနိုင်သည်။ ကြိုတင်သွင်းထားသော ကက်ဆက်ခွေက တစ်ဘက်လူကို သူဘာသာပြန်ဖြေလိမ့်မည်။ "ဝမ်းနည်းပါတယ်ရှင်ဦးဘယ်သူဘယ်ဝါအိမ်မှာမရှိပါဘူး၊ ဒါပေမယ့် ဘယ်သူဆက်တယ်လို့ ပြောလိုက်ရမလဲ။ ပြန်လာလာချင်းပြန်ဆက်ခိုင်းပါ့မယ် "စသဖြင့် အသံကြားရတော့ "တီတီတီ" ဟူသော လိုင်းမအားသည့်အသံ ကြားရတာထက်ပို၍ နားဝင်ချိုပါမည်။ နောက်တစ်ခါ ပြန်ပြီး ဖုန်းခေါ်စရာ မလိုသဖြင့်လည်း အချိန်ကုန် လူပန်းသက်သာနိုင်ပါသည်။

## အတွင်းရေးမှူးနှင့် စကားပြောခြင်း

(ကိုမောင်မောင် ပါမောက္ခစမစ်၏ဖုန်းကို ဆက်လိုက်သည်။ ပါမောက္ခစမစ်၏ အတွင်းရေးမှူးက ပြန်ဖြေသည်)

Secretary -Hello!

အတွင်းရေးမှူး -ဟဲလို

Ko Mg Mg -Helo, is this Dr. Smith's office in the Chemistry Department.

ကိုမောင်မောင် -ဟဲလို- ဒါ ဓာတုဗေဒဌာနက ဒေါက်တာ စမစ်ရုံးခန်းပါလား။

Secretary -Yes, it is. Can I help you?

အတွင်းရေးမှူး -ဟုတ်ပါတယ်။ ဘာများကူညီရပါမလဲ။

KoMg Mg -Yes, is Prof Smith in

ကိုမောင်မောင် -ဟုတ်ကဲ့၊ ပါမောက္ခစမစ်ရှိပါသလား။

Secretary -No. He's in class at the moment.

အတွင်းရေးမှူး -ဟင့်အင်း၊ သူခုချိန် အတန်းထဲမှာရှိပါတယ်။

Ko Mg Mg -Do you know what time I can reach him?

ကိုမောင်မောင် -ဘယ်အချိန် ကျွန်တော်တွေ့ နိုင်မလဲဆိုတာ ခင်ဗျားသိသလား။

Secretary -He has office hours between one and three this afternoon. You can reach him then.

အတွင်းရေးမှူး -ဒီနေ့လယ်မှာ ရုံးချိန်က တစ်နာရီက သုံးနာရီ မှာရှိပါတယ်။ အဲဒီအချိန်မှာ ရှင်တွေ့နိုင်ပါတယ်။

Ko Mg Mg -Thar's fine. Thank you very much.

ကိုမောင်မောင် -ကောင်းပါပြီ။ ကျေးဇူးအများကြီးတင်ပါတယ်။

******

(ကိုမောင်မောင်သည် နေ့လယ် ၁း၁၅တွင် ပြန်ဆက်သည်။ ပါမောက္ခစမစ်၏ အတွင်းရေးမှူးက ပြန်ဖြေသည်။ )

Secretary -Hello!

အတွင်းရေးမှူး -ဟဲလို။

Ko Mg Mg -Hello. Is this Dr. Smith office?

ကိုမောင်မောင် -ဟဲလို-ဒါ ဒေါက်တာစမစ်ရုံးခန်းလား။

Secretary -Yes it is . May I help you.

အတွင်းရေးမှူး -ဟုတ်ပါတယ်။ ကျွန်မ ကူညီနိုင်ပါသလား။

Ko Mg Mg -yes I'd like to speak to Dr Smith, please.

ကိုမောင်မောင် -ဟုတ်ကဲ့၊ ကျွန်တော် ဒေါက်တာစမစ်နဲ့ပြောချင်ပါတယ်။

Secretary -Dr. Smith had to go home this afternoon. May I ask who's calling.

အတွင်းရေးမှူး -ဒေါက်တာစမစ် ဒီနေ့လယ် အိမ်ပြန်ရောက်စရာရှိပါတယ်။ ဘယ်သူဆက်တယ်လို့ ပြောရမလဲ။

Ko Mg Mg -This is Mg Mg

ကိုမောင်မောင် -မောင်မောင်ပါ

Secretary -Oh, yes, Mr.Mg Mg. Prof. Smith said

| | |
|---|---|
| | he's anxious to talk to you and asked me to give you this home phone. |
| အတွင်းရေးမှူး | -ဩော်၊ဟုတ်ကဲ့ ကိုမောင်မောင် ပါမောက္ခ စမစ်က ရှင်နဲ့စကားပြောချင်နေပါတယ်။ ကျွန်မကို ရှင့်အတွက် အိမ်ဖုန်းနံပါတ်ပေးခိုင်းထားပါတယ်။ |
| Ko Mg Mg | -Just a moment, please. I need to get a pen. Yes what's his number. |
| ကိုမောင်မောင် | -ခဏစောင့်ပါဦးနော်၊ ဖောင်တိန်ယူလိုက်ဦးမယ်၊ ဟုတ်ကဲ့ သူ့နံပါတ်က ဘာလဲ။ |
| Secretary | -His number is 987 6732 |
| အတွင်းရေးမှူး | -သူ့နံပါတ်က ၉၈၇ ၆၇၃၂။ |
| Ko Mg Mg | -Thar's 987 6732. |
| ကိုမောင်မောင် | -၉၈၇ ၆၇၃၂ ဟုတ်လား။ |
| Secretary | -Yes all right |
| Ko Mg Mg | -Thank you very much. |
| ကိုမောင်မောင် | -ကျေးဇူးသိပ်တင်ပါတယ်။ |
| Secretary | -Not at all |
| အတွင်းရေးမှူး | -ရပါတယ်။ |

## နံပါတ်မှားဆက်

| | |
|---|---|
| Lady | -Hello! |
| အမျိုးသမီးကြီး | -ဟဲလို |

| | |
|---|---|
| Thida | -Hello. Is this Dr. Bell's office? |
| သီတာ | -ဟဲလို၊ ဒါ ဒေါက်တာဘဲလ် ရုံးခန်းလား။ |
| Lady | -Who? |
| အမျိုးသမီးကြီး | -ဘယ်သူလဲ။ |
| Thida | -Dr. Alexander Bell |
| သီတာ | -ဒေါက်တာ အလက်ဇန္ဒားဘဲလ်ပါ။ |
| Lady | -Nobody here by that name. |
| အမျိုးသမီးကြီး | -အဲဒီနာမည်နဲ့သူ ဒီမှာ ဘယ်သူမှမရှိပါဘူး။ |
| Thida | -Sorry, I must have dialed the wrong number. |
| သီတာ | -ဝမ်းနည်းပါတယ်ရှင်။ ကျွန်မ နံပါတ်မှားပြီး ခေါ်မိတာပါ။ |

## ဖုံးနံပါတ်မေးခြင်း

| | |
|---|---|
| Operator | -Information What city please ? |
| အော်ပရေတာ | -ပြန်ကြားရေးဌာနကပါ၊ ဘယ်မြို့ကိုဆက်မှာလဲ။ |
| Thuta | -Washington, D.C |
| သုတ | -ဝါရှင်တန် ဒီစီပါ။ |
| Operator | -Go ahead, please. |
| အော်ပရေတာ | -ဆက်ပြောပါ။ |
| Thuta | -I'd like the number of Burmese Embassy, please. |

| | |
|---|---|
| သုတ | -ကျွန်တော် ဗမာသံရုံး ဖုံးနံပါတ်ကိုသိချင်ပါတယ်။ |
| Operator | -I'm checking (a moment of silence) I'm sorry, sir. I find no such listing. |
| အော်ပရေတာ | -ကျွန်မကြည့်ပါရစေဦး။ (ခေတ္တငြိမ်သွား) ဝမ်းနည်းပါတယ်ရှင်။ ဒီအမည် စာရင်းမှာ မရှိပါဘူး။ |
| Thuta | -Oh operator, would you look under the Union of Myanmar. |
| သုတ | -အိုး ပရေတာရယ် ။ ပြည်ထောင်စု မြန်မာနိုင်ငံကို ကြည့်ပေးပါဦး။ |
| Operator | -Just one moment . That number is 1 100 9999 |
| အော်ပရေတာ | -ခဏနော်၊ နံပါတ်က ၁ ၁၀၀ ၉၉၉၉ ပါ။ |
| Thuta | -Thank you |
| သုတ | -ကျေးဇူးပါပဲ။ |
| Operator | -You're welcome. |
| အော်ပရေတာ | -ကိစ္စမရှိပါဘူး။ |

## အစားအသောက်စားခြင်း

အမေရိကမှာ အပြင်ထွက်ပြီး အစားအသောက်စားရင် သိပ်ဈေးကြီးတယ်။ ဒါပေမဲ့ တစ်ခါတစ်လေ အပြောင်းအလဲသဘောမျိုး

စားချင်ရင်တော့ ဈေးကြီးပေမဲ့လည်းကြိတ်မှတ်ပြီး စားသင့်စားရတာပေါ့။ အထူးသဖြင့် နေ့လယ်စာကိုတော့ အလုပ်နဲ့နီးနီး၊ ကျောင်းနဲ့နီးနီးက ဆိုင်မှာစားကြတာများပါတယ်။ နေ့လယ်စာကို **Coffee shops, sandwich Shops, Luncheonettes, snack Bars** စတဲ့ ဆိုင်တွေမှာစားပါတယ်။ **Fast food chains** လို့ခေါ်တဲ့ လွယ်ကူ၊ လျင်မြန်၊ သက်သောင့်သက်သာရှိတဲ့ အစားအသောက်ဆိုင်တွေကို အမေရိကန်လူမျိုးတွေ သိပ်ကြိုက်ကြပါတယ်။

အစားအသောက်ဆိုင်တွေမှာ စားရင် အောက်ပါဇယားလေးဟာ အသုံးဝင်ပါတယ်။

| | နေ့လည်စာ | ညစာ |
|---|---|---|
| **C = Cheap** = ဈေးပေါပေါ | ၂ ဒေါ်လာခန့် | ၃ဒေါ်လာခန့် |
| **I = Inexpensive** = ဈေးမကြီး | ၃ ဒေါ်လာခန့် | ၄.၅၀ဒေါ်လာခန့် |
| **M = Moderate** = သာမန် | ၅ ဒေါ်လာခန့် | ၈ဒေါ်လာခန့် |
| **H = High** = ဈေးမြင့် | ၇. ၅ဒေါ်လာခန့် | ၁၂ဒေါ်လာခန့် |
| **E = Expensive** = ဈေးကြီး | ၁၀ဒေါ်လာခန့် | |

ဒီစာရင်းမှာ ဘီယာတွေ၊ ဝိုင်တွေမပါပါဘူး။

လ[illegible]ဆိုင်တွေမှာက ဟမ်ဘာဂါ၊ ဟော့ဒေါ့(ခ်)၊ ဆင်းဒဝစ်၊ အာလူးကြော်၊ အချိုရည်တွေ သရေစာအနေနဲ့ရောင်းပါတယ်။ **Snack Bar** လို့ခေါ်တဲ့ လက်ဖက်ရည်ဆိုင်တွေမှာတော့အထက်ပါ သားရေစာတွေအပြင် ရေခဲမုန့်ပါစားလို့ရတယ်။ ထိုင်ခုံနေရာတော့မရှိဘူး။ မတ်တတ်ရပ်စားရတယ်။ **Pizza Stand** တွေမှာတော့ ပီဇာဝယ်စားလို့ရတယ်။ **Cafetarias** လက်ဖက်ရည်ဆိုင် တွေမှာတော့ ခွက်ပြတ်တို့၊ အသုပ်တို့ရတာပါ၊ ကောင်တာမှာငွေရှင်းပြီး ကိုယ်စား

ချင်တာကို ဘန်းနဲ့ထည့်လာပြီး၊ မတ်တတ်ရပ်စားရပါတယ်။ **Fast Food Chains** တွေမှာကျတော့ ဟမ်ဘာဂါတို့ ဆင်းဒဝစ်တို့ အပြင် ကင်တပ်ကီကြက်သားကြော်တို့ဘာတို့ပါရတယ်။ **Dinners** ကတော့ လမ်းဘေးဆိုင်တွေပဲ။ ကားနဲ့သွားရင်း ကားရပ်ပြီး ဝယ် စားလို့ရတယ်။ သရေစာတွေအပြင် ဘီယာတို့ ဝိုင်တို့ပါရတယ်။ ဟိုင်းဝေးလမ်းမကြီး တစ်လျှောက် ဒီဆိုင်တွေအများကြီးရှိတယ်။

**Vending Machines** ကတော့၊ ကိတ်မုန့်တို့၊ သကြားလုံးတို့၊ ရေခဲမုန့်တို့၊ သစ်သီးဘူးတို့၊ အချိုရည်တို့ကို စက်နဲ့ရောင်းတဲ့ဆိုင်တွေ ပါ။ စက်ထဲ ပိုက်ဆံထည့်လိုက်ရင် ကိုယ်စားချင်တာ စားလို့ရတာပေါ့။ **Restaurants** လို့ခေါ်တဲ့ပျော်ပွဲစားရုံတွေမှာတော့ တရုတ်စာ၊ ဥရောပ စာ၊ အိန္ဒိယစာ ကြိုက်တာစားနိုင်တာပေါ့၊ ဈေးကတော့ကြီးသလား မမေးနဲ့။

## ပျော်ပွဲစားရုံတစ်ခုမှာ

**Cooper** - What are you going to have?

ကူးပါး - မင်းဘာစားမလို့လဲ။

**Thiha** - I have no idea.

သီဟ - ငါတော့ဘာစားရမယ်မသိပါဘူးကွာ။

**Zaw Gyi** - What does "a la carte" mean?

ဇော်ကြီး - "အလာကတ်" ဆိုတာက ဘာအဓိပ္ပါယ်လဲ

**Cooper** - It means you order each dish separetely. For example, if you order soup you order it and pay the price. If you want fish, you order the fish.

ကူးပါး - ဟင်းတစ်မယ်စီကို သီးခြားစီမှာတာကိုပြောတာပါ။ ဥပမာ - မင်းစွပ်ပြုတ်စားချင်တယ်ဆို စွပ်ပြုတ်မှာ။ နောက်ပြီး ငွေရှင်းလိုက်။ ငါစားချင်ရင်ငါမှာပေါ့။

**Zaw Gyi - I'm not clear what you mean. What's the alternative?**

ဇော်ကြီး - မင်းဆိုလိုတာငါတော့မရှင်းပါဘူးကွာ၊တစ်ခြား ဘယ်လိုမှာတာ ရှိသေးလဲ။

**Cooper - The alternative is to order a complete dinner. For a set price you get your choice of soup, potato and vegetable, salad, bread and butter etc.**

ကူးပါး - တစ်ခြားမှာချင်ရင်တော့ ညစာအပြည့် မှာစားပေါ့။ သတ်မှတ်ဈေးနှုန်းအတိုင်း စွပ်ပြုတ်၊ အာလူးနဲ့ ဟင်းသီးဟင်းရွက်၊ အသုပ်စုံ၊ ပေါင်မုန့်ထောပတ် စသဖြင့်ပေါ့။

**Thiha - What's the price?**

သီဟ - ဈေးကဘယ်လိုလဲ။

**Cooper - The roast beef dinner is $ 7.50, the chicken dinner is $ 5.75 and so on.**

ကူးပါး - အမဲကင်နဲ့ညစာက ၇.၅၀ ဒေါ်လာ၊ ကြက်သားနဲ့ညစာက ၅.၇၅ဒေါ်လာ စသဖြင့်ပေါ့။

**Thiha - It all looks pretty expensive to me.**

သီဟ - ငါ့အတွက်တော့ အားလုံးဈေးကြီးနေတာပဲ။

**Cooper - Order anything you'd like to try. It's all on me.**

စိုးစံစာပေ

ကူးပါး - မင်းတို့စားချင်တာ ဘာမဆိုမှာစားပါ။ ငါဒကာခံပါမယ်။
Zaw Gyi - Nonsense. Friends are friends. Here comes the waitress. Let's order.
ဇော်ကြီး - မဟုတ်တာဗျာ။ သူငယ်ချင်းက သူငယ်ချင်းပဲ။ ဟောဒီမှာ စားပွဲထိုးလာနေပြီ။ မှာကြစို့။

## အစားအသောက်မှာခြင်း

Waitrees - What's yours?
စားပွဲထိုး - ဘာမှာပါမလဲ။
Cooper - I'll have the roast turkey dinner with tomato juice, mashed potatoes, beans and coffee later.
ကူးပါး - ကျွန်တော့်အတွက်တော့ ကြက်ဆင်ကြော်ညစာရယ်၊ ခရမ်းချဉ်သီး ချဉ်ရည်၊ အာလူးထောင်း၊ ပဲသီးတောင့်နဲ့ နောက်တော့ ကော်ဖီပေါ့။
Thiha - I'd like the roast beef.
သီဟ - ကျွန်တော်ကတော့ အမဲသားကင်ပဲ။
Waitress - Rare, medium or well.
စားပွဲထိုး - အစိမ်းလား၊ အလောတော်လား၊ အကျက်လား။
Thiha - Well done, please.
သီဟ - အကျက်ပါ။
Waitress - On the dinner?
စားပွဲထိုး - ညစာကကော။
Thiha - No. A la carte.

သီဟ - ဟင့်အင်း၊ တစ်ပွဲချင်းပဲစားမယ်။

Zaw Gyi - Do you guys want to split couple of beers?

ဇော်ကြီး - ဟေ့ကောင်တွေ၊ ဘီယာစုပ်ကြဦးမလား။

Thiha &

Cooper - Sure.

သီဟနှင့်

ကူးပါး - စုပ်တာပေါ့ကွ။

မက်ဒေါ်နယ်စားသောက်ဆိုင်ရှေ့တွင် ဟမ်ဘာဂါ ၂၅ကုဋေဆိုသော ဆိုင်းဘုတ်ကိုတွေ့ရသည်။

Zaw Gyi - What's the meaning "25 billions?

ဇော်ကြီး - ၂၅ ကုဋေဆိုတာဘာအဓိပ္ပါယ်လဲ။

Cooper - It means that, to date, all over the world, Mcdonald's restaurants have sold over 25 billion hamburgers.

ကူးပါး - အဓိပ္ပါယ်က ဒီနေ့ထိ ကမ္ဘာတစ်ဝှမ်းလုံးမှာ ဟမ်ဘာဂါ ၂၅ ကုဋေရောင်းပြီးပြီလို့ဆိုလိုတာ။

Zaw Gyi - You're kidding. 25 billion hamburgers?

ဇော်ကြီး - မင်နောက်နေတာလားကွ။ ဟမ်ဘာဂါ ၂၅ကုဋေ ဆိုတာ။

Cooper - That's right. And the guy who owns all these places is one of the ten richest men in the world.

ကူးပါး - တစ်ကယ်ကွ။ ဒီလိုဆိုင်မျိုးတွေအားလုံးကို ပိုင်တဲ့ ငနဲ ကလဲ ကမ္ဘာပေါ်က အချမ်းသာဆုံးလူ ဆယ်ယောက်

ထဲမှ တစ်ယောက်အပါအဝင်ပဲ။

**Zaw Gyi -** **It's about time I tasted one of them.**

ဇော်ကြီး - အင်း၊ တစ်ခုလောက်မြည်းကြည့်ဖို့အချိန်တော့ကျပြီပဲ။

**Cooper -** **Let's see how much you like the food.**

ကူးပါး - ကဲ၊မင်းဒီအစားအသောက် ဘယ်လောက်ကြိုက်မယ် ဆိုတာ ကြည့်ကြဦးစို့။

## စားသောက်ရာတွင်သတိပြုလိုက်နာရမည့်အချက်များ

(၁) စားပွဲပေါ်မှာ လက်သုတ်ပဝါချမထားရ။ ပေါင်ပေါ်မှာတင် ထားရမည်။

(၂) အရိုးကို ထွေးမပစ်ရ။ ပါးစပ်ထဲမှအရိုးကို လက်နှင့်ထုတ်ယူပြီး ပန်းကန်ပြားအစွန်တွင်ချထားရမည်။ စားပွဲပေါ်၊ ကြမ်းပေါ် မချရ။

(၃) စွတ်ပြုတ်ကို မော့မသောက်ရ။ ဇွန်းဖြင့်ခပ်သောက်ရမည်။

(၄) အစားအသောက်ကို သူတစ်ပါးရှေ့မှ ဖြတ်ပြီးလှမ်းမယူရ။ တစ်ဦးဦးကို ကိုယ်လိုတာ လှမ်းတောင်းရမည်။

(၅) သစ်သီးအခွံများကို ကြမ်းပေါ်ပစ်မချရ။ ပန်းကန်ပြားတစ်ခုခု၊ ဆေးလိပ်ပြာခွက် စသည်တို့ပေါ်တင်ထားရမည်။

(၆) လေချဉ်တက်လျှင် **"Excuse me"** ဟု တိုးတိုးလေးပြောကာ စကားဆက်ပြောနေရမည်။

(၇) နှာချေလျှင်လက်ကိုင်ပုဝါအုပ်၍ချေရမည်။ ချောင်းဆိုးလျှင် ပါးစပ်ကို လက်ဖြင့်ကာ၍ဆိုးရမည်။

(၈) ဓား၊ ခက်ရင်း၊ ဇွန်းတို့ကို အစားအသောက် ခပ်ယူ ဖြတ်ယူပြီးလျှင် မိမိပန်းကန်ထဲမှာ ချမထားရ။ သီးသန့်ဇလုံထဲသို့ပြန်ထည့်ရမည်။

ကျွန်တော်အင်္ဂလိပ်စကားပြောသင်တန်းတွေပို့ချခဲ့တာ နှစ်ပေါင်း (၂၅)နှစ်ကျော်ခဲ့ပြီ။ အင်္ဂလိပ်စကားပြောစာအုပ်တွေ ထုတ်ခဲ့တာလည်း (၉)အုပ်မျှရှိခဲ့ပြီ။ လွန်ခဲ့သည့် ဆယ်နှစ်လောက်က ထုတ်ဝေခဲ့သော အင်္ဂလိပ်စကားပြော (Talk English) ဆိုလျှင် ယခုထိ(၁၂)ကြိမ်မျှပုံနှိပ်ခဲ့ရပြီး အုပ်ရေ ငါးသောင်းကျော်ဖြန့်ချိခဲ့ပြီးပြီ။ နိုင်ငံတကာအတွေ့အကြုံအနေနှင့် ၁၉၈၆တွင် ဩစတြေးလျနိုင်ငံ၌ ပညာသင်ကြားစဉ် အင်္ဂလိပ်စာတစ်လုံးတစ်ပါဒမျှမတတ်သော ဗီယက်နမ်လူမျိုး(စစ်ပြေးဒုက္ခသည်များ)ကို (၃)လအတွင်း အင်္ဂလိပ်စကား ပြောတတ်အောင် သင်ပေးသည့်နည်းကို ကိုယ်တွေ့သင်ယူခဲ့ဖူးသည်။ စင်္ကာပူနိုင်ငံသို့ရောက်သောအခါတွင်လည်း ထိုနည်းကိုလက်တွေ့စမ်းသပ်အောင်မြင်ခဲ့၏။ ၁၉၉၂တွင် 'တရုတ်ပြည်သို့ရောက်သောအခါ အင်္ဂလိပ်စကားပြောသင်နည်း စနစ်သစ်တွေနှင့် သင်ရိုးစာအုပ်တွေကိုလေ့လာနိုင်မည့်အခွင့်အရေးရရှိခဲ့ပါသေးသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟန်ချိုးမြို့၊ ဇီကန်တက္ကသိုလ်မှပါမောက္ခ 'ညိုမီဝိုရိုနေ့ဗ်' နှင့် 'ချိယွန်းဖန်' တို့၏ အင်္ဂလိပ်ဘာသာစကားသင်နည်းသုတေသနတွေကို အတုခိုး သင်ယူခွင့်တွေရခဲ့၏။ အင်္ဂလိပ်စကားပြောသာမက အနောက်နိုင်ငံတွင်နေထိုင် အလုပ်လုပ်လိုသူများ၊ စာပေသင်ယူလိုသူများအတွက်ပါ သိသင့်သိထိုက်သော စကားအသုံးအနှုန်းတွေကို ရှင်းလင်းတင်ပြပါမည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး

ဘက်ပေါင်းစုံ 'အမေရိကန်ပုံစံ အင်္ဂလိပ်စကားပြော' တတ်ဖို့ ဤသင်ခန်းစာများက မုချတာဝန်ယူနိုင်ပါသည်။

## အနောက်နိုင်ငံတွင်နေထိုင် / ပညာသင်ကြားရာတွင် သုံးစွဲလေ့ရှိသည့် အသုံးအနှုန်းများ

**နှုတ်ခွန်းဆက်နှင့်မိတ်ဆက် (Greeting and Introductions)**

**လမ်းမှာတွေ့လျှင် (In The Street)**

**Smith** - Hello, Ko Ko.

စမစ် - ဟဲလို၊ ကိုကို

**KoKo** - Hello, Mr. Smith. I haven't seen you for a long time. How's everything going?

ကိုကို - ဟဲလို၊ မစ္စတာစမစ်။ ခင်ဗျားနဲ့မတွေ့ရတာကြာပြီနော် အခြေအနေတွေဘယ်လိုလဲဗျ။

**Smith** - Fine, thanks.

စမစ် - ကောင်းပါတယ်။ ကျေးဇူးပါပဲ။

**KoKo** - Have you met my friend, Nyi Nyi?

ကိုကို - ခင်ဗျား ကျွန်တော့်သူငယ်ချင်းညီညီနဲ့ဆုံပြီးပြီလား။

**Smith** - No, I haven't had the pleasure.

စမစ် - ဟင့်အင်း၊ မဆုံဖူးသေးပါဘူး။

**Ko Ko** - Mr. Smith, this is my friend, Nyi Nyi.
Nyi Nyi, Mr. smith.

ကိုကို - မစ္စတာစမစ်ရေ၊ ဒါကကျွန်တော့်သူငယ်ချင်းညီညီတဲ့။ ညီညီရေ၊ ဒါ မစ္စတာစမစ်။

Smith - How do you do, Nyi Nyi.

စမစ် - (သီးခြားအဓိပ္ပါယ်မရှိပါ။ စတင်မိတ်ဆက်သည့်အခါတွင် သိကျွမ်းမှုကို အသိအမှတ်ပြုသောစကားသာဖြစ်သည်)

Nyi Nyi - Pleased to meet you, Mr.Smith.

ညီညီ - မစ္စတာစမစ်ရေ မင်းနဲ့တွေ့ရတာဝမ်းသာပါတယ်။

KoKo - Nyi Nyi is also a scientist. He and I attend the same lectures here, and we're both working on the same experiment at the University.

ကိုကို - ညီညီကလည်း သိပ္ပံပညာရှင်ပါပဲ။ သူနဲ့ကျွန်တော်ဒီမှာ အတန်းအတူတူတက်ကြတယ်။ တက္ကသိုလ်မှာ လက်တွေ့စမ်းသပ်မှုတစ်ခုတည်းကို နှစ်ယောက်စလုံး အတူတူလုပ်နေကြတယ်။

Smith - Good. You must help each other a good deal. Well, I have to go. See you later.

စမစ် - ကောင်းတာပေါ့။ ခင်ဗျားတို့နှစ်ယောက်တစ်ယောက်နဲ့ တစ်ယောက်အများကြီးအကူအညီရမှာပဲ။ အင်းလေ၊ ကျွန်တော်သွားရဦးမယ်နော်။ နောက်မှ တွေ့သေးတာပေါ့။

## တက္ကသိုလ်နယ်မြေမှာ (On the Campus)

(ကိုကို့ကို တစ်နေ့မှာ အမျိုးသမီးတစ်ယောက်ကလာနှုတ်ဆက်တယ်။ ဒါပေမယ့် သူက ဒီအမျိုးသမီးနာမည်ကို မမှတ်မိဘူး။ အမျိုးသမီးက ကိုကိုနဲ့ ညီညီတို့ဆီလျှောက်လာတယ်။)

**Miss White** - Hi, aren't you Ko Ko? We met the other night at the coffee shop.

မစ်ဝှိုက် - ဟိုင်း၊ရှင် ကိုကို မဟုတ်လား၊ ကျွန်မတို့တစ်ညတုန်းကကော်ဖီဆိုင်မှာဆုံကြသေးတယ်လေ။

**Ko Ko** - Oh yes, of course. How nice to see you again. I'd like to meet you with my friend and colleague, Nyi Nyi. We worked together for many years at Yangon University. Nyi Nyi, this is... I'm sorry, I've forgotten your name.

ကိုကို - အိုဟုတ်ကဲ့။ ဟုတ်တာပေါ့။ မင်းနဲ့ပြန်ဆုံရတာ ဘယ်လောက်ကောင်းလိုက်ပါသလဲလို့။ ငါ့သူငယ်ချင်းလည်းဖြစ်၊ လုပ်ဖော်ကိုင်ဖက်လည်းဖြစ်တဲ့ ညီညီမင်းကိုမိတ်ဆက်ပေးချင်တယ်။ ညီညီရေ ဟောဒီက . . . ခွင့်လွှတ်ဗျာ။ မင်းနာမည်မေ့သွားလို့။

**White** - White, Betty White I'm glad to meet you. Are you also a visiting scholar here?

ဝှိုက် - ဝှိုက်၊ ဘက်တီဝှိုက်ပါ။ ရှင်နဲ့တွေ့တာဝမ်းသာပါတယ်။ ရှင်ကရော ဒီမှာတက်နေတဲ့နိုင်ငံခြားပညာတော်သင်လား။

Nyi Nyi - Yes I am. Ko Ko and I are both in the Applied Physics area, and we're sharing an apartment here now.

ညီညီ - ဟုတ်ပါတယ်။ ကိုကိုနဲ့ ကျွန်တော်ဟာ အသုံးချရူပဗေဒနယ်ပယ်ကပါ။ နောက်ပြီး ကျွန်တော်တို့နှစ်ယောက် ဒီကအခန်းတစ်ခန်းမှာအတူနေကြတယ်လေ။

White - Wonderful. Welcome to our country and our campus. I'll see you then.

ဝှိုက် - ကောင်းတာပေါ့။ ကျွန်မတို့နိုင်ငံနဲ့ ကျွန်မတို့တက္ကသိုလ်နယ်မြေက ကြိုဆိုပါတယ်ရှင်။ နောက်မှတွေ့ကြသေးတာပေါ့။

Ko Ko - Good-bye.

ကိုကို - ဂွဒ်ဘိုင်။

Nyi Nyi - Good-bye.

ညီညီ - ဂွဒ်ဘိုင်။

White - So long.

ဝှိုက် - အဓိပ္ပါယ်အတိအကျမရှိပါ။ ခွဲခွာခါနီးနှုတ်ဆက်စကားအသုံးအနှုန်းဖြစ်ပါသည်။

## ဈေးဝယ်ခြင်း

**စူပါမားကက်မှာ (In the Supermarket)**

ကိုကိုနဲ့ညီညီဟာ စူပါမားကက်မှာ ဈေးဝယ်နေတုန်း ဘာဘရာ ဂျွန်ဆင်နဲ့ရုတ်တရက်တွေ့လိုက်ရတယ်။ ဘာဘရာက သူတို့ဆရာ ဒေါက်တာဂျာရယ်လ်ဂျွန်ဆင်ရဲ့ဇနီးလေ။ ဘာဘရာနဲ့ အတူသူ့သမီးစင် ဒီဂျွန်ဆင်ကိုပါတွေ့လိုက်ရတယ်။)

**Johnson** - Hi. How are you? My God, these prices are ridiculous, aren't they? If I'm having a hard time of it, I can't imagine how I can make ends meet.

ဂျွန်ဆင် - ဟိုင်း။ နေကောင်းကြလားဟေ့။ ဘုရားရေ။ ဒီဈေးနှုန်းတွေကအဆန်းပဲ။ ငါသာကျပ်ကျပ် တည်းတည်း ဖြစ်ခဲ့ရင်လောက်အောင် ဘယ်လိုစားရမယ်ဆိုတာ စဉ်းစားလို့တောင်မရတော့ဘူး။

**Ko Ko** - Believe me, it isn't easy. But we're managing all right. Mrs. Johnson, I'd like you to meet my Friend, Nyi Nyi. Nyi Nyi this is Barbara. Dr. Johnson's wife, and this is his daughter Cindy.

ကိုကို - ယုံပါတယ်ဗျာ။ တကယ့်ကို မလွယ်လှပါဘူး။ ဒါပေမယ့် ကျွန်တော်တို့တော့ ဖြစ်အောင်စီစဉ်ရတာပါပဲ။

မစ္စစ်ဂျွန်ဆင် ကျွန်တော့်သူငယ်ချင်းညီညီနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ညီညီရေ ဟောဒီက ဘာဘရာတဲ့။ ဒေါက်တာဂျွန်ဆင်ရဲ့ဇနီးပေါ့။ ဟောဒါက သူ့သမီးစင်ဒီ။

Cindy - Hi

စင်ဒီ - ဟိုင်း။

Johnson - Hello.

ဂျွန်ဆင် - ဟဲလို။

Nyi Nyi - How do you do? I'm very glad to meet you. I met your husband earlier this week.

ညီညီ - တွေ့ရတာဝမ်းသာပါတယ်။ ခင်ဗျားရဲ့ခင်ပွန်းနဲ့ ဒီအပတ်စောစောပိုင်းက ကျွန်တော်တွေ့ပြီးပါပြီ။

Johnson - I think he told me about you. He suggested we all have dinner. How about a week from Saturday?

ဂျွန်ဆင် - သူက မင်းအကြောင်းပြောဖူးတယ်ထင်တယ်။ သူက ညစာကျွေးဖို့ပါ အကြံပေးထားတယ်။ ရှေ့အပတ်စနေဆို ဘယ်လိုလဲ။

Nyi Nyi - That would be excellent for me, I really appreciate your inviting me.

ညီညီ - ဒါဆိုကျွန်တော့်အတွက် အဆင်အပြေဆုံးပေါ့ ခင်ဗျာ။ ကျွန်တော့်ကို ခုလိုဖိတ်တဲ့အတွက် တကယ့်ကို ကျေးဇူးတင်ပါတယ်။

Cindy - That's great. I'm really getting interested in Union of Myanmar, since you came to my Dad's department. I love to listen to your talk about your country.

စင်ဒီ - သိပ်ကောင်းတာပဲရှင်။ ရှင်တို့ ကျွန်မဖေဖေရဲ့ဌာန ရောက်ကတည်းက ကျွန်မက ပြည်ထောင်စုမြန်မာ နိုင်ငံကို စိတ်ဝင်စားနေတာ။ ရှင်တို့နိုင်ငံအကြောင်း ပြောတာကို ကျွန်မနားထောင်ချင်လိုက်တာရှင်။

Johnson - Fine. See you around 6:30 then.

ဂျွန်ဆင် - ကောင်းပြီလေ။ အဲဒီနေ့ ၆း၃၀ လောက်ဆုံကြသေး တာပေါ့။

Cindy - So long.

စင်ဒီ - နှုတ်ဆက်လိုက်ပါတယ်။

Ko Ko
Nyi Nyi - Good-bye.

ကိုကို/
ညီညီ - နှုတ်ဆက်လိုက်ပါတယ်။

## ရှင်းလင်းချက်

၁။ to bump into (somebody) - မမျှော်လင့်ဘဲတွေ့ရ။
eg. How nice to bump into you!
မင်းနဲ့မမျှော်လင့်ဘဲတွေ့ရတာဝမ်းသာလိုက်တာ။

၂။ How's everything going? - အခြေအနေတွေဘယ်
လိုလဲ။ အလားတူ ဒီလိုလည်းသုံးလို့ရတယ်။
How's your work going?
How are things with you?
How are you getting along these days?
How're you doing?

၃။ See you later - နောက်တွေ့ကြသေးတာပေါ့။ အတိ
အကျ ချိန်းဆိုထားတာမဟုတ်ဘဲ စကားအနေနှင့်ပြောခြင်းမျိုး။ ခွဲခွာ
ခါနီး နှုတ်ဆက်အသုံးအနှုန်း။

၄။ Hi/Hello! - အဓိပ္ပါယ်အတူတူ။
Hey! - အံ့ဩသောအခါအသုံး
Whew! - ဝှူးခနဲ သက်ပြင်းချသံ။
Ah! - ရုတ်တရက်နားလည်သဘောပေါက်/ချီး
ကျူးသည့်အခါအသုံး။

၅။ My God/Jesus/Christ - အံ့ဩသောအခါ၊မကျေ
နပ်သောအခါသုံး (အလို၊ ဘုရားရေ)။

၆။ to have a hard time - အခက်အခဲတွေ့ကြုံဖူးသော
အတွေ့အကြုံရှိခဲ့။

၇။ to make ends meet - ဝင်ငွေထွက်ငွေမျှရန်။

တစ်နေရာကတစ်နေရာကိုသွားလာလည်ပတ်ချင်ရင် နယူး
ယောက်မြို့မှာ တော့ မြေအောက်ရထားလမ်းကို သုံးကြတာများတယ်။
ဒါပေမယ့် မနက်ပိုင်းနဲ့ညနေပိုင်းရုံးတက်၊ ရုံးဆင်းချိန်တွေမှာတော့
ရထားကျပ်တာပေါ့။ ဆန်ဖရန်စစ္စကိုတို့၊ ဝါရှင်တန်ဒီစီတို့ကျတော့

ဒီလောက်မကျပ်လှပါဘူး။ မြို့ကြီးတွေမှာ ဘတ်စ်ကားနဲ့ သွားလို့ လည်း အဆင်ပြေနိုင်ပါတယ်။ ဒါက မြို့ထဲသွားလာရေးအတွက်ပါ။ မြို့ပြင်မှာ နေသူတွေအတွက်တော့ အစိုးရက သွားရေးလာရေးကို သိပ်မစီစဉ် ပေးဘူး။ ကိုယ်ပိုင်ကားတွေများများဝယ်ပြီး ဓာတ်ဆီများများ ရောင်း ရရင် သူ့အတွက် အခွန်ငွေများများရတယ်လို့ သဘောထားတဲ့ပုံပဲ။ ဒါကြောင့် လူတိုင်းလိုလို တစ်နေရာကတစ်နေရာသွားချင်ရင် ကားနဲ့ပဲ သွားကြတယ်။ ဒါကြောင့် အမေရိကမှာ နေတဲ့ကျောင်းသား အဖို့ ကိုယ့်တက်တဲ့ တက္ကသိုလ်နဲ့ကိုယ်နေတဲ့နေရာ ဘယ်လောက်ဝေး သလဲ၊ မဝေးသလဲဆိုတာ ပထမဆုံးတွက်ချက်ရမယ်။ လမ်းလျှောက် သွားလို့ ရတဲ့နေရာတော့ အကောင်းဆုံးပေါ့။ ဒါပေမယ့် ဒီလိုနေရာမျိုးမှာ နေဖို့က အခန်းခ သိပ်ဈေးကြီးတယ်။ ဒါကြောင့် ဘတ်စ်ကားနဲ့ သွားလို့ လာလို့အဆင်ပြေတဲ့ နေရာမျိုးမှာတော့ စက်ဘီးလေး စီးသွားလို့လည်း ရတာပေါ့။ ဒါပေမယ့် အန္တရာယ်များပါတယ်။ အထူးသဖြင့် ဆောင်း တွင်းဘက် နှင်းတွေ၊ ရေခဲတွေကျနေတဲ့ အချိန်ဆိုပိုဆိုးတာပေါ့။

အမေရိကမှာ ကိုယ်ပိုင်ကားဝယ်ချင်သလား။ သိပ်လွယ်တာ ပေါ့။ လက်တင်စီး ကားခပ်သန့်သန့် တစ်ပတ်ရစ်ကို ဒေါ်လာနည်းနည်း ပေးရုံနဲ့ ဝယ်နိုင်တယ်။ ဒါပေမယ့်မော်တော်ယာဉ်အာမခံမဝယ်ဘဲနဲ့ တော့ ကားမောင်းခွင့်မရှိဘူးနော်။ ဓါတ်ဆီကသိပ်ဈေးမကြီးတော့ ဘာ ပဲဖြစ်ဖြစ် အမေရိကမှာ ကိုယ်ပိုင်ကားနဲ့ သွားတာလာတာ တွက်ခြေ ကိုက်ပါတယ်။

လမ်းညွှန်မြေပုံကိုတော့ ဝယ်ထားရမယ်။ ဓာတ်ဆီဆိုင်တိုင်း မှာ အလွယ်တကူဝယ်နိုင်ပါတယ်။ မြို့ထဲကိုလှည့်ပတ်လျှောက်ပြီးအထိ ကရဆောက်အအုံကြီးတွေဖြစ်တဲ့ စာကြည့်တိုက်တို့၊ ဘဏ်တို့၊ ဘုရား

ရှိခိုးကျောင်းတို့၊ စူပါမားကက်တို့ကို ကြည့်ထားရမယ်။ ဒါမှ တော်ရုံ တန်ရုံ လမ်းမပျောက်မှာ၊ မျက်စိမလည်မှာပေါ့။ မြို့ကြီးတွေမှာတော့ လမ်းမသိရင် တယ်လီဖုန်းနဲ့ လမ်းမေးလို့ရတဲ့အစီအစဉ်တွေရှိပါတယ်။

ဘတ်စ်ကားစီးရာမှာတော့ အကြွေဆောင်ဖို့သတိထား။ ကားခက ဘယ်စီးစီး ဆင့် ၆၀ ပေးရတယ်။ ဘတ်စ်ကားရှေ့ပေါက်ကတက်၊ သတ္တုပုံးထဲကိုပိုက်ဆံထည့်။ လက်မှတ်ရောင်းလည်းမပါဘူး။ ဒရိုင်ဘာကလည်း ကားခတောင်းတာတို့ အကြွေလဲထားလို့လဲရတယ်။ ကိုယ်ဆင်းချင်တဲ့မှတ်တိုင်ကို ဒရိုင်ဘာကို ကြိုပြောထားပေါ့။ ဒရိုင်ဘာက တစ်ခါတလေတော့ မေ့ချင်မေ့မယ်။ ဒါကြောင့် ကိုယ့်ဘေးက ခရီးသည်ကို မေးထားသင့်တယ်။ ကိုယ်ဆင်းချင်တဲ့မှတ်တိုင်ရောက်ခါနီးမှ ဘတ်စ်ကားပြတင်းပေါက်အပေါ်နားမှာ တပ်ထားတဲ့ ခလုပ်ကိုနှိပ်လိုက်ပါ။ ဒရိုင်ဘာက ကားရပ်ပေးပါလိမ့်မယ်။ အဲဒီအခါ ကိုယ်ကနောက်ပေါက်ကနေဆင်းသွားရုံပါပဲ။

## လမ်းပျောက်နေတဲ့သူ

မြန်မာကျောင်းသူမသီတာက အမေရိကရောက်တာမကြာသေးတော့ လမ်းမေးရတာပေါ့။

| | | |
|---|---|---|
| **Thida** | - | **Excuse me , Miss,where does the No.7 bus stop?** |
| သီတာ | - | ခွင့်ပြုပါအစ်မကြီး၊ နံပါတ်(၇)ကားဂိတ်ကဘယ်မှာလဲ။ |
| **Woman** | - | **Which direction are you going?** |
| အမျိုးသမီး | - | ရှင်က ဘယ်ဘက်ကိုသွားချင်တာလဲ။ |

Thida - I'm going downtown.

သီတာ - ကျွန်မကမြို့ထဲသွားချင်ပါတယ်။

Woman - Just stand over there across the street in fromt of the library.

အမျိုးသမီး - လမ်းဟိုဘက်၊ စာကြည့်တိုက်ရှေ့မှာသွားရပ်နေလိုက်။

Thida - Do I have to have exact change?

သီတာ - ကျွန်မ အကြွေအတိအကျရှိဖို့လိုပါသလား။

Woman - Yes, the fare is 60c. You can get change in that store.

အမျိုးသမီး - လိုတာပေါ့။ ကားခကဆင့်၆ဝလေ။ ဟိုစတိုးဆိုင်မှာ အကြွေလဲနိုင်ပါတယ်။

Thida - Thank you very much.

သီတာ - ကျေးဇူးပါပဲ။

## တက္ကသိုလ်ကိုသွားချင်တယ်

Thida - Excuse me, can you tell me where I get the bus to the University.

သီတာ - ခွင့်ပြုပါရှင်။ တက္ကသိုလ်ကို ဘယ်ဘတ်စ်ကားစီးရမလဲဆိုတာပြောပြနိုင်မလား။

Man - You can take the No.3 bus right here and then change at J street for the No. 16.

အမျိုးသား - ဒီကနေ နံပါတ်(၃)ဘတ်စ်ကားစီးသွားလေဂျေလမ်း ရောက်တဲ့အခါ နံပါတ်(၁၆)ကားပြောင်းစီးပေါ့။

Thida - Can I get a transfer to the No.16?

သီတာ - နံပါတ်(၁၆)ကားပြောင်းစီးခပေးရဦးမလား။

Man - No, but you can get an add-a fare from the driver for a quarter.

အမျိုးသား - ဟင့်အင်း၊ အပိုဆောင်းစီးခလက်မှတ်ကို ဒရိုင်ဘာဆီကတောင်းရင်ရပါတယ်။ ၂၅ ဆင့်ပဲပေးရမယ်။

Thida - Thanks

သီတာ - ကျေးဇူးပါပဲ။

Man - That's O.K.

အမျိုးသား - ရပါတယ်။

## ကားပြောင်းစီးမယ်

(နံပါတ် ၃ ကားဆိုက်လာပြီ။ ကားကကျပ်နေတာပဲ။ ဒရိုင်ဘာ တခရီးသည်တွေကို အော်ပြောနေတယ်။)

Driver - Step to the rear of the bus, please. Plenty of room in the rear.

ဒရိုင်ဘာ - ကျေးဇူးပြုပြီး ကားနောက်ဖက်ကိုသွားကြပါ။ ကားနောက်မှာနေရာလွတ်တွေအများကြီးရှိပါသေးတယ်။

Aung Zeya - How much is the fare?

အောင်ဇေယျ - ကားခဘယ်လောက်လဲ။

Driver - Drop a quarter in the box, sir.

ဒရိုင်ဘာ - ၂၅ဆင့်သာ ဘူးထဲထည့်လိုက်ပါဆရာ။

**Aung Zeya** - **Driver, could you please tell me when we arrive at Strand Road?**

အောင်ဇေယျ - ယာဉ်မောင်းကြီးရယ်၊ ကမ်းနားလမ်းရောက်ရင်ပြော ပေးပါနော်။

**Driver** - **Suer thing, sir. Just move to the rear of the bus and I'll shout it out.**

ဒရိုင်ဘာ - ရပါတယ်ဆရာ၊ ဘတ်စ်ကားနောက်နားသာရွှေ့ထား ပါ။ ကျွန်တော်အော်ပြောလိုက်ပါမယ်။

**Aung Zeya** - **Thank you.**

အောင်ဇေယျ - ကျေးဇူးပါပဲ။

## လမ်းမေးချင်တယ်

**Ko Ko Latt** - **Excuse me, does this train go to Market Street?**

ကိုကိုလတ် - ခွင့်ပြုပါခင်ဗျာ၊ ဒီရထားက ဈေးလမ်းကို ရောက်ပါ သလား။

**Man** - **Sorry buddy. I'm a stranger here myself.**

လူကြီး - ဝမ်းနည်းပါတယ် သူငယ်ရယ်၊ ကျုပ်ကလည်း ဒီမှာ လူစိမ်းပါပဲ။

**KoKo Latt** - **Excuse me, miss. Does this train go to Market Street?**

ကိုကိုလတ် - ခွင့်ပြုပါ အစ်မကြီး။ ဒီရထားက ဈေးလမ်းကို ရောက် ပါသလား။

Woman - Damned if know, mister.

အမျိုးသမီးကြီး- ဘယ်သိမှာလဲမောင်ရင်ရယ်။

Ko Ko Latt - Excues me, Does this bus go to Market Street?

ကိုကိုလတ် - ခွင့်ပြုပါ။ ဒီဘတ်စ်ကားက ဈေးလမ်းကို ရောက်ပါသလား။

Man - Got me, pal. Ask the conductor.

လူကြီး - မသိပါဘူးသူငယ်ချင်းရယ်၊ လက်မှတ်ရောင်းကိုသာ မေးပါ။

## TOEFL စကားအသုံးအနှုန်း

1. among အများကြီးမှာ (သုံးခု၊ သုံးဦးအထက်)

between နှစ်ခု၊ နှစ်ဦးကြားမှာ Let's keep this secret among the four of us.

ဒီ လျှို့ဝှက်ချက်ကို ငါတို့လေးယောက်ကြားမှာ သိမ်းဆည်းထားကြစို့။

The child always sleeps between her parents.

ကလေးက သူ့မိဘနှစ်ယောက်ကြားမှာ အမြဲအိပ်တယ်။

2. amoral အကျင့်သိက္ခာပိုင်းနှင့်မဆိုင်သော

immoral အကျင့်သိက္ခာဆိုးယုတ်သော

unmoral အကျင့်သိက္ခာပိုင်းကို ခွဲခြားမသိနိုင်သော

Animals are amoral, murderers are immoral, infants are unmoral

တိရိစ္ဆာန်များအဖို့ အကျင့်သိက္ခာနှင့်မဆိုင်။ လူသတ်သမားများသည် အကျင့်သိက္ခာဆိုးယုတ်၏။ ကလေးများတွင်ကား အကျင့်သိက္ခာ ရှိ မရှိကို ခွဲခြား၍မရ။

3. **amount** ပမာဏ (ရေတွက်မရနာမ်နှင့်သုံး)

**number** အရေတွက် (ရေတွက်ရနာမ်နှင့်သုံး)

**We spread a large amount of manure on our garden.**

တို့ခြံထဲတွင် မြေဆွေးများစွာကို ကြဲဖြန့်ထားသည်။

**A large number of members come late.**

အဖွဲ့ဝင်အများစုသည် နောက်ကျမှလာကြသည်။

4. **anymore** အတိတ်က ဖြစ်ရပ်ကိုပြန်ညွှန်းသည်။ ယခုတော့ မဖြစ်တော့။

**Still** ယခုထိဖြစ်ဆဲ။

**Are you still active in your club? No, I'm not active anymore. I quit, but my sister still belongs.**

ခင်ဗျားကလပ်မှာ ဆက်ပြီး လှုပ်ရှားနေတုန်းပဲလား။ ဟင့်အင်း၊ ကျုပ်ဆက်မလှုပ်ရှားနိုင်ခဲ့တော့ပါဘူးဗျာ။ ကလပ်ကတောင် ထွက်ခဲ့ပြီပဲ။ ဒါပေမယ့် ကျွန်တော့် ညီမကတော့ ဆက်ရှိနေဆဲပဲဗျ။

5. **any one** တစ်ခုခု၊ တစ်ဦးဦး (နောက်မှ **of** လိုက်သည်)

**anyone** မည်သူမဆို (ယေဘုယျသဘော)

**You may have any one of these three books.**

ခင်ဗျားဒီစာအုပ် သုံးအုပ်ထဲက တစ်အုပ်အုပ်ကို ယူနိုင်ပါတယ်။

**Has anyone seen Rosie today?**

ရိုစီကို ဒီနေ့မြင်တဲ့လူ တစ်ယောက်ယောက်များ ရှိသလားဟော့။

6. apt တတ်သိလွယ်သော၊ စိတ်ပါတတ်သော၊ သင့်လျော်သော

liable တာဝန်ရှိသော

likely ဖြစ်နိုင်စရာအခြေအနေရှိသော

As he is an apt student, I can teach him easily.

သူက တတ်သိလွယ်သော ကျောင်းသားဖြစ်၍ ကျွန်တော် လွယ်ကူစွာ သင်နိုင်ပါသည်။

He is liable in this case.

ဤအမှုတွင် သူသည် တာဝန်ရှိသည်။

It is likely to rain this evening.

ဒီညနေ မိုးရွာစရာရှိသည်။

7. as far as အကွာအဝေးကိုပြောရာ သုံး

until တိုင်အောင်၊ အချိန်ကိုပြရာတွင်သုံး

They rode as far as Bago, we rode farther than that.

သူတို့က ပဲခူးအထိ စီးကြတယ်။ ငါတို့က အဲဒါထက်ပိုအောင် စီးခဲ့ကြတယ်။

We wait until 11:30, but he never came.

ကျွန်တော်တို့ ၁၁း၃၀ တိုင်အောင် စောင့်ကြတယ်။ ဒါပေမယ့် သူဘယ်တော့မှ မလာပါဘူး။

8. bad (adj) ဆိုးသော

badly (adv) ဆိုးရွားစွာ

I feel bad because I have a bad cold.

ကျွန်မ နေမကောင်းဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အအေးအရမ်း မိလို့ပဲ။

**He drives badly.**

သူညံ့ဖျင်းစွာ မောင်းသည်။

9. **band** အုပ်စု၊ အဖွဲ့

**banned** တားမြစ်သည်

**A band of musicians is playing in the park.**

ဂီတပညာရှင်အဖွဲ့တစ်ဖွဲ့သည် ပန်းခြံထဲတွင် တီးမှုတ်နေကြ သည်။

**This book was banned in the country.**

ဤစာအုပ်ကို နိုင်ငံတွင် တားမြစ်ပိတ်ပင်ခဲ့သည်။

10. **bare** ဗလာဖြစ်သော

**bear** ဝက်ဝံ၊ ခံစားသည်၊ သယ်ဆောင်သည်။

**Without paintings, the room looked bare.**

ပန်းချီကားတွေမရှိတော့၊ အခန်းက ဟာလာဟင်းလင်းဖြစ်နေ တာပေါ့။

**Please bear with me, I'll only be a few more minutes.**

ကျေးဇူးပြုပြီး ကျွန်မကို သည်းခံပါ။ ကျွန်မက နောက်ထပ် မိနစ် အနည်းငယ်ပဲ ကြာမှာပါ။

11. **blew** = **blow** ၏ အတိတ်ကာလ၊ လေတိုက်ခဲ့သည်။

**blue** = အပြာရောင်

**The wind blew fiercely.**

လေသည် ကြောက်စရာကောင်းစွာပင် တိုက်ခဲ့၏။

**The sky is blue.**

ကောင်းကင်သည် ပြာ၏။

12. borrow သူတစ်ပါးထံမှ ချေးယူသည်။

lend သူတစ်ပါးကို ချေးငှားသည်။

Loan Lend နှင့်အတူတူ

I want to borrow your pen.

ခင်ဗျားရဲ့ ဖောင်တိန်ငှားချင်ပါတယ်။

Lend/Loan me 100 kyats, please.

ငွေတစ်ရာလောက် ချေးပါ။

13. born မွေးဖွားသည်

borne သယ်ဆောင်သည်

She was born in Mandalay.

သူမ မန္တလေးမှာမွေးဖွားသည်။

He has borne his bundle well.

သူ့ ဝန်ထုပ်ဝန်ပိုးကို သူကောင်းစွာ ထမ်းဆောင်နိုင်သည်။

14. brake ဘရိတ်

break ချိုးသည်၊ ကွဲသည်။

Stop! Put on your brakes.

ရပ်လိုက်၊ ဘရိတ်အုပ်လိုက်။

When did you break your glasses?

မင်းမျက်မှန် ဘယ်တုန်းကကွဲသွားသလဲ။

15. capital adj အဓိက၊ အရေးကြီးဆုံးသော

n မြို့တော်၊ အရင်းအနှီး

capitol n ဝါရှင်တန်ရှိ အမေရိကန်ကွန်ဂရက်လွှတ်တော် အဆောက်အဦ

Capital punishment means the death penalty.

အဓိက အပြစ်ဒဏ်ဆိုတာကတော့ သေဒဏ်ကို ဆိုလိုပါတယ်။

Canberra is the capital of Australia.

ကင်ဘာရာဟာ ဩစကြေးလျရဲ့မြို့တော်။

How much capital have you invested in the company?

ကုမ္ပဏီမှာ အရင်းဘယ်လောက် မြှုပ်နှံထားသလဲ။

The Capitol is the official building of the U.S. Congress.

အမေရိကန် ကွန်ဂရက်လွှတ်တော်ရဲ့ တရားဝင် အဆောက်အဦဟာ ကက်ပီတော်ပါပဲ။

16. cents ပိုက်ဆံ၊ ဆင့်

sense အာရုံ၊ အသိဉာဏ်

scents အနံ့

This book costs only 90 cents.

ဒီစာအုပ်က ဆင့် ၉၀ ပဲကျတယ်။

I sense that you are upset about something.

ခင်ဗျားတစ်ခုခုအတွက် ဗျာများနေတာ ကျုပ်သိနေတယ်။

The scents of the various perfumes she uses filled the air.

သူမသုံးတဲ့ အမွှေးနံ့သာပေါင်းစုံရဲ့ အနံ့ဟာ လေထဲမှာ ပြည့်နှက်နေတယ်။

17. childish ကလေးဆန်သော၊ မကောင်းသောအဓိပ္ပာယ်

childlike ကလေးနှင့်တူသော၊ ကောင်းသော အဓိပ္ပာယ်

I don't like him because of his childish manners.

သူ့ရဲ့ကလေးဆန်တဲ့ အပြုအမူတွေကြောင့် ကျွန်မတော့ သူ့ကို မကြိုက်ဘူး။

She won our hearts with her childlike manners.

သူမရဲ့ 'ကလေးနဲ့တူတဲ့ အမူအရာတွေကြောင့် သူ့ကို ကျွန်တော်တို့ အသည်းစွဲကြတာပေါ့။

18. cite ရွတ်ဆိုသည်၊ ကိုးကားသည်

sight မြင်ကွင်း

site နေရာအရပ်ဒေသ၊ မြေကွက်

To prove his point, he cited examples from the text book.

သူ့အချက်အလက် ခိုင်မာအောင် သက်သေပြဖို့အတွက် ကျောင်းစာအုပ်ထဲက ဥပမာတွေကို ရွတ်ပြခဲ့တယ်။

The sunset this evening was a magnificent sight.

ဒီညနေ နေဝင်ချိန်ဟာ သိပ်လှတဲ့ မြင်ကွင်းပဲ။

The site of the new stadium was once a parking lot.

အားကစားရုံသစ် တည်နေရာဟာ တစ်ချိန်က ကားရပ်တဲ့ နေရာကြီးပေါ့။

19. coarse adj ကြမ်းတမ်းသော

course n လမ်း၊ ကျောင်းသင်ဘာသာ၊ အစားအသောက်

The coarse material scratched my skin.

ကြမ်းတမ်းတဲ့ အသားစ,က အရေပြားကို ခြစ်မိတယ်။

My course of action is clear.

ကျွန်တော့်ရဲ့ လုပ်ဆောင်မှုလမ်းကြောင်းက ရှင်းတယ်။

The main course was fried fish.

အဓိကအစားအသောက်ကတော့ ငါးကြော်ပဲ။

20. compare တူညီမှုများကို ရှာဖွေသည်။ (နှိုင်းယှဉ်မှု)

contrast ကွဲပြားမှုများကို ရှာဖွေသည်။ (နှိုင်းယှဉ်မှု)

People always compare me with my brother.

လူတွေက ကျွန်တော့်ကို အစ်ကိုနဲ့နှိုင်းကြတယ်။

The poverty of the villagers contrast with the wealth of the city - dwellers.

ရွာက လူတွေရဲ့ ဆင်းရဲမှုကို မြို့နေလူတွေရဲ့ ချမ်းသာမှုနဲ့ ကွာခြားချက် နှိုင်းယှဉ်နိုင်ပါတယ်။

21. complement ဖြည့်စွက်သည်

compliement ချီးကျူးသည်

Your new black slippers complement the rest of your outfit.

ခင်ဗျားရဲ့ ညှပ်ဖိနပ်အမည်းလေးဟာ ခင်ဗျားရဲ့ ကျန်တဲ့ အဝတ်အစားအားလုံးကို လိုက်ဖက်အောင် ဖြည့်စွက်ပေးလိုက်တာပါပဲ။

He complimented on her outstanding work.

သူမ၏ ထူးချွန်သော လုပ်ရပ်ကြောင့် သူက သူမကို ချီးကျူးခဲ့သည်။

22. continual အချိန်မှန်သော၊ ထပ်တလဲလဲဖြစ်သော

continuous ဆက်တိုက်ဖြစ်သော

The man in the audience continually interrupted the speaker.

ပရိသတ်ထဲက လူတစ်ယောက်က ဟောပြောသူကို စကားတွေဖြတ်ဖြတ်ပြီး အချိန်မှန်မှန်ပြန်ပြောနေတယ်။

It rained continuously for five hours.

မိုးက ငါးနာရီ ဆက်တိုက်ရွာခဲ့သည်။

23. core အဓိက အစိတ်အပိုင်း

corps တပ်ဖွဲ့

Let's get to the core of the meeting, why are you here?

အစည်းအဝေးရဲ့ အဓိက အချိန်မှာ သွားတက်ကြစို့။ ဘာဖြစ်လို့ မင်းက ဒီမှာလာနေတာလဲ။

She served with the Red Cross corps.

သူမသည် ကြက်ခြေနီတပ်ဖွဲ့တွင် အမှုထမ်းဆောင်သည်။

24. correspondence စာပေးစာယူ

correspondents သတင်းထောက်၊ စာရေးသူ

I've received a lot of correspondence from my students.

ကျွန်တော် ကျောင်းသားတွေဆီက စာတွေ အများကြီးရတယ်။

My goal in life is to become a good correspondent one day.

ကျွန်တော့်ရဲ့ ဘဝပန်းတိုင်က တစ်နေ့ကျရင် သတင်းထောက်ကောင်းတစ်ယောက်ဖြစ်ရေးပဲ။

25. leave ထားသည်။ ထွက်ခွာသည်။

let ခွင့်ပြုသည်၊ ငှားသည်။

Will you leave your keys as you leave?

ခင်ဗျားထွက်သွားရင် သော့တွေထားခဲ့မလား။

**Will you let me in ?**

ကျွန်တော့ကို ဝင်ခွင့်ပြုမလား။

**Who will let the house ?**

ဘယ်သူအိမ်ငှားမလဲ။

26. **loose (Adv)** မချည်နှောင်သော၊ လျော့နည်းသော

(v) လွှတ်သည်။

**lose** (v) ဆုံးရှုံးသည်။

**These ropes are loose, We should tighten them.**

ကြိုးတွေက လျော့နေတယ်။ ကျွန်တော်တို့ကြပ်ကြပ်ချည်သင့်တယ်။

**I hope you didn't lose my book.**

ကျွန်တော့်စာအုပ် ခင်ဗျားမဖျောက်ဘူးလို့တော့ မျှော်လင့်တယ်။

27. **many** ရေတွက်နာမ်နှင့်သုံး

**much** ရေတွက်မရနာမ်နှင့်သုံး

**a lot of** နှစ်ခုစလုံးနှင့်ရောသုံးနိုင်

**Do you drink much wine?**

အရက်များများသောက်သလား။

**How much? How many glasses a day?**

ဘယ်လောက်သောက်သလဲ၊ တစ်နေ့ကို ဘယ်နှစ်ဖန်ခွက်သောက်သလဲ။

**I do drink a lot of soda.**

ကျွန်တော်တော့ ဆိုဒါပဲအများကြီးသောက်တယ်။

**စိုးစံစာပေ**

28. may be (v) ဖြစ်နိုင်စရာရည်ညွှန်း
maybe (adv) ဖြစ်ကောင်းဖြစ်မည်။
It may be rain soon
မိုး မကြာခင်ရွာနိုင်စရာရှိတယ်။
Maybe we should reconsider our decision.
ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ချင် သုံးသပ်မယ်။

29. moral စာရိတ္တ၊ သင်ခန်းစာ
morale စိတ်ဓါတ်
Aesop's fables always end with a moral.
အီစွတ်ပုံပြင်များတွင် အမြဲပင်သင်ခန်းစာနှင့် အဆုံးသတ်တတ်၏။
They kept their morale high.
သူတို့ဟာ စိတ်ဓါတ်ကိုမြင့်တင်ထားကြတယ်။

30. morn နံနက်
mourn ပူဆွေးသည်
The morn brings a new day, a new spirit.
နံနက်ခင်းသည် နေ့သစ်ကိုသယ်ဆောင်လာသည်။ စိတ်ဓါတ်သစ်ကို ယူဆောင်လာသည်။
Mother mourned her brother's death for a long time.
အမေသည် သူ့မောင်ကွယ်လွန်ခြင်းအတွက် ကြာရှည်စွာ ပူဆွေးခဲ့သည်။

31. no body မည်သည့်အုပ်စုမှ

nobody မည်သူမျှ

No body of workers is better qualified than the people in my factory.

ဘယ်ကအလုပ်သမားမှ ငါ့စက်ရုံကလူတွေလောက် အရည်အချင်းမရှိကြဘူး။

Nobody must enter the office at night.

ညဘက်မှာ မည်သူမျှရုံးထဲမဝင်ရ။

32. passed ကျော်ဖြတ်သည်

past ကုန်လွန်ခဲ့သော

My car can pass your car easily because my car is a new model.

ကျွန်တော့်ကားက ခင်ဗျားကားကို အလွယ်တကူ ဖြတ်ကျော်နိုင်တာပေါ့။ ကားကပုံစံသစ်ကိုး။

This past month seemed to pass quickly.

ကုန်လွန်ခဲ့သောကာလသည် လျှင်မြန်စွာပင် ဖြတ်ကျော်သွားခဲ့ပုံရသည်။

33. patience သည်းခံမှု

patient လူမမာ

It takes patience to draw a picture.

ရုပ်ပုံဆွဲရတာ သည်းခံမှုလိုတယ်။

Most of the patients admired this surgeon.

ဤခွဲစိတ်ဆရာဝန်ကြီးကို လူနာအများစုက ချီးကျူးကြသည်။

34. personal ကိုယ်ရေးကိုယ်တာ

personnel အလုပ်သမား

She had personal reasons for leaving early today.

သူမမှာ ကိုယ်ရေးကိုယ်တာ အကြောင်းပြချက်ကြောင့် ဒီနေ့ စောစောထွက်ခွာခဲ့ရတယ်။

Our personnel office is looking for typists.

ကျွန်တော်တို့အလုပ်သမားရုံးက လက်နှိပ်စက်စာရေးတွေ ရှာဖွေနေတယ်။

35. precede ရှေ့မှနေသည်

proceed ရှေ့ဆက်သွားသည်

A precedes B in the alphabet.

ဘီရှေ့တွင် အေနေသည်။

You may proceed across the street, the light is green.

မီးစိမ်းသွားပြီ၊ ခင်ဗျားလမ်းကိုရှေ့ဆက်ဖြတ်လို့ရပြီ။

36. principal (n) ကျောင်းအုပ်ကြီး

(adj) အဓိကဖြစ်သော

principle (n) ဥပဒေသ၊ စည်းမျဉ်း

The principal at our shcool urged that we learned the principles of good citizenship.

ကျွန်တော်တို့ကျောင်းအုပ်ကြီးက နိုင်ငံသားကောင်းတစ်ယောက်ရဲ့ လိုက်နာရမည့်စည်းမျဉ်းဥပဒေသတွေကို ကျွန်တော်တို့ သင်ယူဖို့တိုက်တွန်းသည်။

37. prophecy (n) ဟောကိန်းထုတ်သည်
prophesy (v) ကြိုတင်ပြောဆိုသည်
Her prophecies were often accurate.
သူမ၏ဟောကိန်းထုတ်မှုများသည် မကြာခဏတိကျလှသည်။

He tried to make a living as a prophet, by prophesying the future.
သူသည် ဟောပြောသူအဖြစ် အသက်မွေးကာ အနာဂတ်ကို ကြိုတင်ဟောကိန်းထုတ်၏။

38. quiet ငြိမ်သက်သော
quite လုံးလုံးလျားလျား
It's much quieter in the country than in a city.
တောမှာနေတာက မြို့မှာထက် ပိုတိတ်ဆိတ်သည်။
Are you quite sure about that ?
ဒါနဲ့ပတ်သက်လို့ အတော်သေချာရဲ့လား။

39. raise (v) မြှင့်တင်သည်၊ မွေးကျွေးသည်။
rise (v) မတ်တတ်ထသည်၊ ချီးမြှင့်သည်။
She raised 12 children by herself.
သူမသည် ကိုယ်တိုင်ကလေး ၁၂ ယောက်ကို မွေးကျွေးခဲ့သည်။
I rise at 8 o'clock every morning.
ကျွန်မသည်ရှစ်နာရီတိုင်း အိပ်ယာမှထသည်။

40. real (adj) စစ်မှန်သော

really (adv) စစ်မှန်စွာ၊ အမှန်တကယ်

These shoes are made of real leather.

ဤဖိနပ်များသည် သားရေအစစ်ဖြင့် လုပ်ထားသည်။

I'm really glad to meet you.

ကျွန်တော် ခင်ဗျားနဲ့တွေ့ရတာ တကယ့်ကိုဝမ်းသာပါတယ်။

41. resume (v) ပြန်၍စတင်သည်

resume (n) ကိုယ်ရေးမှတ်တမ်း

We'll resume classes after the holiday. အားလပ်ရက်ပြီးရင်၊ သင်တန်းပြန်စမယ်။

This is a resume of my work experience.

ဒါက ကျွန်တော့အလုပ် အတွေ့အကြုံမှတ်တမ်းပါပဲ။

42. some time အချိန်အနည်းငယ်

sometime တစ်ခါတစ်ရံ

You'll need some time to work on your report.

အစီရင်ခံစာရေးဖို့ရာ ခင်ဗျားအချိန်နည်းနည်းလိုလိမ့်မယ်။

Come over to see us sometime, won't you?

ကျွန်တော်တို့ဆီ တစ်ခါတလေလာတွေ့ပေါ့၊ ဟုတ်လား။

43. stationary ရပ်တည်နေသော

stationery စာရေးကရိယာ

The stars appear stationary, but they're actually moving rapidly.

ကြယ်တွေကိုကြည့်ရတာ ရပ်တည်နေသလိုပဲ၊ဒါပေမဲ့တကယ်တော့ သူတို့ဟာလျှင်မြန်စွာ ရွေ့လျားနေကြတယ်။

**Don't forget to take the stationery before you go to school.**

စာရေးကိရိယာတွေကို ကျောင်းမသွားခင် ယူသွားဖို့မမေ့နဲ့နော်။

44. **statue** ရုပ်တု

**stature** အဆင့်အတန်း၊ အခွင့်အရေး၊ အရပ်အမြင့်

**statute** ဥပဒေ

**The statue of Bogyoke Aung San is very large.**

ဗိုလ်ချုပ်အောင်ဆန်းရုပ်တုက အကြီးကြီးပဲ။

**The soldier's stature must have at least five feet six inches.**

စစ်သားရဲ့ အရပ်အမောင်းက အနည်းဆုံး ငါးပေ ခြောက်လက်မလောက်တော့ ရှိရမယ်။

**This is a new statute limiting imports.**

ဒါကသွင်းကုန်ပစ္စည်းကန့်သတ်ရေးနဲ့ ပတ်သက်တဲ့ ဥပဒေသစ်ပဲ။

45. **sure (adj)** သေချာသော၊ သံသယမရှိသော

**surely(adv)** သေချာစွာ၊ သံသယမဲ့စွာ

**I'm sure I can learn to drive the tractor:**

သေချာပါတယ်၊ ကျွန်တော် လယ်ထွန်စက်မောင်းသင်နိုင်တယ်။

**Surely you're joking. It can't cost that much.**

မင်းနောက်နေတာ သေချာပါတယ်၊ ဒါက ဒီလောက် မပေးရပါဘူး။

46. **threw** ပစ်သည်၊ မြှောက်သည်

**through** ဖြတ်သန်းသည်၊ အစမှအဆုံး

**We just threw our old magazines away.**

ကျွန်တော်တို့ မဂ္ဂဇင်းဟောင်းတွေကို လွှင့်ပစ်တယ်။

**You have to go through Room 103 to get to the laboratory.**

ဓာတ်ခွဲခန်းကိုရောက်ဖို့ အခန်း ၁၀၃ ကို ဖြတ်သွားရမယ်။

47. **tortuous** ကောက်ကွေ့သော

**torturous** နာကျင်ကိုက်ခဲသော

**The tortuous path led through the forest.**

ကောက်ကွေ့သောလမ်းက သစ်တောကို ဦးတည်သွားတယ်။

**The cancer patient said that her pain was torturous.**

ကင်ဆာ ဝေဒနာရှင်က သူမ၏ ဝေဒနာမှာ နာကျင်ကိုက်ခဲကြောင်း ပြောကြားသည်။

48. **tasteful** တင့်တယ်သော

**tasty** အရသာရှိသော

**My wife can make tasteful decorations.**

ကျွန်တော် ဇနီးက တင့်တယ်သော ပြင်ဆင်မှုများကို လုပ်နိုင်တယ်။

**This is a tasty broth, what's in it ?**

အရသာရှိတဲ့ ဟင်းချိုပွဲ၊ အထဲမှာ ဘာပါသလဲ။

49. **than (conjunction)** နှိုင်းယှဉ်ရာတွင် သုံး။သာ၍

**then (adv)** ထို့နောက်

**Her hair is longer than her sister's.**

သူမ၏ ဆံပင်သည် သူမ၏ အစ်မဆံပင်ထက် ပိုရှည်သည်။

**We ate first, then we talked business.**

ကျွန်တော်တို့ ပထမဆုံး စားသောက်ကြတယ်။ထို့နောက် အလုပ်ကိစ္စ စကားပြောကြတယ်။

50. **toward** ရှေ့ရှု၍သည် အမှန်ဖြစ်သည်။

**towards** ဟုမည်သည့်အခါမျှ မသုံးရ။

51. **vice** ဒုစရိုက်၊ အပြစ်

**vise** ပြုတ်တူ

**The police vice squad arrested the pickpocket.**

ဒုစရိုက်နှိမ်နှင်းရေးရဲအဖွဲ့က ခါးပိုက်နှိုက်တွေကို ဖမ်းတယ်။

**We use a vise to hold two parts together.**

အစိတ်အပိုင်းနှစ်ခုကို ကိုင်တွယ်ဖို့ ပြုတ်တူကို သုံးရသည်။

52. **waive** လက်လွှတ်သည်၊ စွန့်သည်

**wave** အထက်မှအောက်၊ ရှေ့နှင့်နောက်ရွှေ့လျားသည်

The lawyer waived the case.

ရှေ့နေက အမှုကို လက်လွှတ်လိုက်သည်။

The flag waved in the wind.

အလံသည် လေထဲတွင် တလူလူလွှင့်နေသည်။

## TOEFL GRAMMAR

## အကြံပေးစကားများ

အကြံပေးစကားများတွင် had better ကိုသုံးသည်။ had better နောက်မှကြိယာရိုးရိုးပုံစံသာ လိုက်ရသည်။

He'd better learn his lessons in the mornings.

သူသင်ခန်းစာတွေကို မနက်ပိုင်းမှာ ကျက်ရင် ပိုကောင်းမယ်။

You'd better notify his relatives that he is sick.

သူနေမကောင်းတာကို သူ့ဆွေမျိုးတွေဆီ အကြောင်းကြားရင် ပိုကောင်းမယ်။

make + simple verb ($V_1$)/have, get + past participle($V_3$) ကို တစ်ခုခုလုပ်ခိုင်းရာတွင် သုံးသည်။

He made the dog lie down.

သူက ခွေးကို လှဲခိုင်းတယ်

Did you have your car checked ?

ကားကို စစ်ဆေးပြီးပလား။

Mya Marlar got her clothes washed last week.

မြမာလာက သူ့အဝတ်တွေကို အရင်အပတ်က လျှော်ခိုင်းတယ်။

အလေ့အထ၊ ထုံးတမ်းစဉ်လာကို ဖော်ပြရာတွင် would+ simple verb ကိုသုံးသည်။

**Every year on November 1 he would start to grow a beard. In the spring he would shave it off,**

နှစ်စဉ် နိုဝင်ဘာလတစ်ရက်နေ့မှာ သူက မုတ်ဆိတ်ထားတတ်တယ်။နွေဦးရာသီကျရင် ရိတ်ပစ်ရော။

**do, does , did, shall, will** တို့ကို အလေးအနက်ထားရန်၊ ကတိပြုရန်၊ ခြိမ်းခြောက်၍၊ စိတ်ဆုံးဖြတ်ရန် စသည့်နေရာများတွင် သုံးသည်။

**I do know her.**

ငါသူ့ကို သိပ်သိတာပေါ့။

(**I know her** ထက် ပိုလေးနက်)

**You will come home by 11;00**

မင်း ၁၁-နာရီ နောက်ဆုံးထားပြီး ပြန်လာရမယ်။ (ခြိမ်းခြောက်ပြောဆိုမှု)

**This meeting shall come to order.**

ဒီအစည်းအဝေးကို ပုံမှန်အခြေအနေဖြစ်အောင်လုပ်ရမယ်။ (ခြိမ်းခြောက်ပြောဆိုမှု)

**used to** မှာ တစ်ကြိမ်ကလုပ်ခဲ့သော အလေ့အကျင့်ကို ပြသသည်။သို့သော်ကြာရှည်မလုပ်ကိုင်နိုင်ခြင်းကို ဆိုလိုသည်။ဓလေ့ထုံးစံ၊ အလေ့အထကို ပြသည်။နေရာတွင်လည်း သုံးသည်။

**We used to play tennis.**

ကျွန်တော်တို့ တင်းနစ်ကစားလေ့ ရှိခဲ့ကြတယ်။

**I used to smoke, but I stopped.**

ငါဆေးလိပ်သောက်တဲ့အလေ့အထ ရှိခဲ့တယ်။ ဒါပေမယ့် ငါဖြတ်လိုက်ပြီ။

**I was used to running , and I wanted to continue.**

ကျွန်တော် အရင်က ပြေးကျင့်ရှိခဲ့တယ်။ အခုတောင် ဆက်လုပ်ချင်တယ်။

**be supposed to+simple verb** သည် မျှော်လင့်မှုကို ပြသသည်။

**The bus is supposed to be here by now.**

ဘတ်စ်ကားဟာ ဒီမှာခုဆိုရောက်ဖို့ကောင်းနေပြီ။

**The plane was supposed to land an hour ago.**

လေယာဉ်ပျံက လွန်ခဲ့တဲ့ တစ်နာရီက ဆိုက်ဖို့ ကောင်းတယ်။

**Should have + past participle ($V_3$)** သည်လည်း မျှော်လင့်ချက်ကို ပြသည်။

**The bus should have been here by now.**

ဘတ်စ်ကားဟာ ခုချိန်ဆို ဒီကို ရောက်သင့်နေပြီ။

**The plane should have landed an hour ago.**

လေယာဉ်ပျံက လွန်ခဲ့တဲ့တစ်နာရီက ဆိုက်ဖို့သင့်နေပြီ။

**would like + infinitive** အဓိပ္ပါယ်မှာ အလိုဆန္ဒ၊ ဖြစ်ချင်၊ လိုချင်သည်ကို ပြသည်။

**We would like to learn to play chess.**

ကျွန်တော်တို့ စစ်ဘုရင်ကစားတာကို သင်ချင်ကြတယ်။

**I would like to go out to dinner tonight.**

ဒီနေ့ညစာကို အပြင်ထွက်စားချင်တယ်။

**Would you like to watch a movie on TV?**

ရုပ်မြင်သံကြားကနေ ရုပ်ရှင်ကြည့်ချင်သလား။

**need+gerund / need to be + past participle ($V_3$)** သည် လိုအပ်မှုကို ပြသည်။

**This electrical system needs wiring.**

**This electrical system needs to be rewired.**

ဒီလျှပ်စစ်စနစ်က ဝါယာပြန်တပ်ဖို့ လိုနေပြီ။

**present** လက်ရှိလိုအပ်မှုကို **must, have, to , ought to , should+ $V_1$** သုံးပြီး၊ **Past** အတိတ်ကာလလိုအပ်မှုကို **had to + $V_1$** (သို့) **ought to have/should have+$V_3$** သုံးသည်။

**You must slow your pace or you'll tire early.**

ခင်ဗျားခြေလှမ်းတွေ လျှော့ချလိုက်၊ ဒါမှမဟုတ်ရင် စောစောစီးစီး ပန်းလိမ့်မယ်။

**I have to prepare this project by tomorrow.**

ဒီစီမံကိန်းကို နက်ဖြန်မှ ကျွန်တော်ပြင်ဆင်ရမယ်။

**You should lose weight, you're much heavy,**

ခင်ဗျား ကိုယ်အလေးချိန် ချသင့်တယ်။ခင်ဗျားက သိပ်အလေးချိန် များနေပြီ။

**We ought to finish this , we've been working on it for three weeks.**

ဒါကို ကျွန်တော်အပြီးသတ်သင့်တယ်။ ဒါကိုလုပ်နေတာ သုံးပတ်တောင် ကြာခဲ့ပြီ။

**You had to leave early last night, didn't you?**

မနေ့ညက ခင်ဗျားစောစောပြန်ခဲ့ရတယ် ဟုတ်တယ် မဟုတ်လား။

**Soe Tin Aung ought to have completed his thesis by now.**

စိုးတင်အောင် သူ့ကျမ်းကို အခုချိန်မှာ ပြီးသင့်နေပြီ။

**should , must , ought, have to** တို့သည် လုပ်ရမယ်၊ လုပ်သင့်တယ်ဆိုသော သဘောများကို ပြသည်။

**We ought to get up early everyday.**

နေ့တိုင်း ကျွန်တော်တို့ အိပ်ရာက စောစောထသင့်တယ်။

**You must return all those books to the library.**

ခင်ဗျား ဒီစာအုပ်အားလုံးကို စာကြည့်တိုက်ကို ပြန်ပေးရမယ်။

**may , let** စသည်တို့သည် ခွင့်ပြုချက်ကို ပြသည်။

**You may enter now.**

ခင်ဗျားကို အခု ဝင်ခွင့်ပြုပါပြီ။

**May I leave ?**

ကျွန်မ ပြန်ခွင့်ရပါပြီလား။

**Will you let me use your car this afternoon ?**

ဒီနေ့လည်မှာ ခင်ဗျားကားကို အသုံးပြုခွင့်ပေးပါ့မလား။

ဖြစ်ကောင်းဖြစ်မည်၊ မသေချာ မရေရာသော သဘောကိုလည်း may သုံးနိုင်သည်။

**We may go to theatre tomorrow; we haven't decided yet.**

ကျွန်တော်တို့ နက်ဖြန် ဇာတ်ရုံကို သွားချင်သွားမယ်၊ ခုထိတော့ မဆုံးဖြတ်ရသေးဘူး။

**If we sell all our jewels, we may be able to buy a new car.**

ကျွန်မတို့ ရတနာတွေကို အကုန်ရောင်းခဲ့ရင် ကျွန်မတို့ ကားသစ်တစ်စီးဝယ်နိုင်လိမ့်မယ်။

ဖြစ်နိုင်ကောင်းသည့် အခြေအနေ, ဖြစ်တန်ရာခြေကို **may, might,could, would** တို့နှင့် ပြနိုင်သည်။

**If I didn't have to work tonight,I would attend your lecture.**

ကျုပ် ဒီနေ့ည အလုပ်မလုပ်ရရင် ခင်ဗျားရဲ့ ဟောပြောချက်ကို တက်နိုင်လိမ့်မယ်။

**It might rain, you'd better take your umbrella.**

မိုးရွာနိုင်တယ်၊ ထီးယူသွားရင် ကောင်းလိမ့်မယ်။

**I may take my vacation in Ngapali this year,**

ဒီနှစ်အားလပ်ရက်ကို ငပလီမှာ ယူကောင်းယူမယ်။

ပို၍ နှစ်သက်မှုကို ပြဆိုလိုသောအခါ **would rather** ကို သုံးသည်။(အတိုကောက်မှာ- **d rather** )

# TOEFL Grammar

## Simple Tenses: present, past and future

Present Tense ကို အောက်ပါ အခြေအနေတစ်ခုခုကို ဖော်ပြရာတွင် သုံးသည်။

(a) လက်ရှိကာလ(သို့)အလေ့အကျင့်ဖြစ်ခြင်း

I hear you.

မင်းကို ငါကြားတယ်။

We need food.

ကျုပ်တို့ အစားအစာလိုတယ်။

(b) ယေဘူယျအမှန်တရား

The earth revolves around the sun and rotates on its axis.

ကမ္ဘာမြေကြီးသည် နေကိုလှည့်ပတ်ပြီး၊ ၎င်း၏ဝင်ရိုးပေါ်တွင် လည်ပတ်သည်။

(c) သမိုင်းဆိုင်ရာ ဖြစ်ရပ်များကို ထင်သာမြင်သာ ပြန်ပြောသောအခါ

Bo Gyoke Aung San ranks as our greatest politician.

ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်တော်တို့၏ အကြီးမြတ်ဆုံး နိုင်ငံရေးသမား အဆင့်ရှိသည်။

(d) အနာဂတ်တွင် လုပ်မည့် အစီအစဉ်
(သေချာသည့် အချိန်ဇယား)

We leave for Mandalay on Tuesday; our train arrives at 9:05.

တို့တွေ မန္တလေးကို အင်္ဂါနေ့မှာ ထွက်မယ်။တို့ ရထားက ၉း၀၅မှာ ရောက်မယ်။

မှတ်ချက်။ **Third Person Singular** ဖြစ်သော **(he,she,it)** တို့တွင် ကြိယာကို **'S'**ထည့်ရမည်ကို သတိပြု။

**Do** နှင့် **Does** မှာ **Preson Tense** တွင် အရံကြိယာအဖြစ် သုံးမည်။ဝါကျတစ်ခု၏ ကြိယာကို လေးနက်စေရန်လည်းကောင်း၊ မေးခွန်းထုတ်ရာတွင် လည်းကောင်းသုံးသည်။

**I do hear you.**

ငါ မင်းပြောတာကြားတယ်ကွာ။

(တစ်ယောက်က ကိုယ်မကြားဘူးဟု ထင်သောအခါ ကြားကြောင်း၊ လေးလေးနက်နက် ဖြစ်အောင်ပြော)

**The earth does revolve around the sun.**

ကမ္ဘာမြေကြီးက နေကို လှည့်ပတ်သွားတယ်။

(တစ်ယောက်ယောက်က ငြင်းခုံတဲ့အခါ သေချာတဲ့ အနေနဲ့ ပြော)

**Does Ko Ko join the army ?**

ကိုကို စစ်ထဲဝင်သလား။

**Do we leave for Mandalay on Tuesday?**

တို့တွေ မန္တလေးကို အင်္ဂါနေ့မှာ သွားမလား။

အတိတ်က ဖြစ်ခဲ့သည်ကို ပြောလိုသောအခါ **Past Tense** သုံးမည်။

**I got up this morning and ate breakfast.**

ဒီမနက် အိပ်ရာထပြီး မနက်စာ စားခဲ့တယ်။

They went home at 4:15.

သူတို့ ၄း၁၅က အိမ်ပြန်ခဲ့ကြသည်။

Future Tense သည် မဖြစ်ပျက်သေးသော အနာဂါတ်ကာလ တို ရည်ညွှန်းပြောဆိုရာတွင် သုံးသည်။

(a) Shall / will+Simple Verb.

She will (shall) leave for Japan on Thursday.

သူ ဂျပန်ကိုကြာသပတေးနေ့မှာ သွားမည်။

I will (I'll) leave the keys on the table.

ငါသော့တွေကို စားပွဲပေါ်မှာ ထားခဲ့မယ်။

(b) ယခင်ခေတ်ဟောင်းကမူ 'shall' ကို (I,We) နှင့် တွဲပြီး 'will' ကို he, she, it, they စသည်တို့နှင့် တွဲသုံးသည်။ယနေ့ခေတ် တွင်မူ 'will' ကိုမည်သည့်စာလုံးနှင့်မဆို တွဲသုံးနိုင်သည်။

'shall' ကို 'I' နှင့်တွဲပြီး မေးခွန်းတွင် သုံးနိုင်သည်။ အခြား စာလုံးများနှင့်တွဲ၍ သတိပေးမှု၊ ခြိမ်းခြောက်မှု၊ တားမြစ်မှု၊ အလေး အနက်ထားပြောမှုတို့တွင် သုံး၏။

Shall I leave the keys on the table ?

သော့တွေကို စားပွဲပေါ်မှာ ထားခဲ့ရမလား။

(မေးခွန်း)

This matter shall cease immediately.

ဒီကိစ္စချက်ခြင်းရပ်ရမယ်။ (အမိန့်ပေး)

I shall return.

ငါပြန်လာမယ်။(ကတိပေးအလေးအနက်ပြော)

(c) Future ကိုနောက်တစ်မျိုးအနေနှင့် going to + Simple Verb သုံးနိုင်သည်။

**She's going to leave for japan on Thursday .**

သူဂျပန်ကို ကြာသပတေးမှာ သွားမယ်။

**We're going to meet him there next week.**

သူ့ကို ဟိုမှာ ငါတို့ ရှေ့အပတ်တွေ့ကြမယ်။

(d) going to ၏ Past tense မှာ (was going to, were going to) ဖြစ်သည်။ရည်ရွယ်ထားသော ၊ စီစဉ်ထားသော အလုပ်ကိစ္စကို ပြသည်။(သို့သော် ထိုရည်ရွယ်ချက်များမှာ မဖြစ်မြောက်ခဲ့)

**I was going to call you, but I forgot.**

ကျွန်တော် ခင်ဗျားကို ခေါ်တော့မလို့ပဲ။ဒါပေမယ့် ကျွန်တော် မေ့သွားခဲ့တယ်။

**They were going to pick some flower, but it rained.**

သူတို့က ပန်းခူးကြတော့မလို့ ဒါပေမယ့် မိုးကရွာခဲ့တယ်။

**Perfect Tense**

Perfect ၏ အဓိပ္ပာယ်မှာ ပြီးပြည့်စုံခြင်းဖြစ်သည်။ထို့ကြောင့် present perfect, past perfect, future perfect တို့သည် ဖြစ်ရပ်တစ်ခုခု ပြည့်စုံပြီးစီးသည်ကို ပြလိုသောအခါ သုံးသည်။

Present perfect (have/has+V3) ကိုအောက်ပါအချက်လေးချက်တွင် တစ်ချက်ချက်၌ သုံးသည်။

(a) အတိအကျ မပြောနိုင်သော အတိတ်ကာလက အဖြစ် အပျက်တစ်ခုကို ပြဆိုရာတွင် -

**Yun Hmi Hmi has learned many new words.**

ယွန်းမှီမှီသည် စကားလုံးသစ်များစွာ သင်ယူနိုင်ခဲ့သည်။

**You have done well in school this year, haven't you?**

မင်းဒီနှစ်ကျောင်းမှာ အတော်ကောင်းကောင်း လုပ်နိုင်ခဲ့တယ် နော်၊ ဟုတ်တယ်မဟုတ်လား။

(b) အတိတ်က စ,လုပ်ခဲ့သော ဖြစ်ရပ်တစ်ခုမှာ လက်ရှိ ပစ္စုပ္ပန်သို့ပါ ဆက်ဖြစ်နေသောအခါ

**U Nay Myo Bala has worked hard all his life.**

ဦးနေမျိုးဗလသည် ဘဝတစ်လျှောက်လုံး အလုပ်ပင်ပန်းစွာ လုပ်ခဲ့ရသည်။

**I've lived in Pyin Oo lwin since 1980.**

ကျွန်တော် ၁၉၈၀ ကတည်းက ပြင်ဦးလွင်မှာ နေခဲ့တယ်။

(c) လက်ရှိကာလ မတိုင်မီ ထပ်တလဲလဲ ဖြစ်ပျက်ခဲ့သော အကြောင်းအရာ။

**It has rained every day this week.**

ဒီတစ်ပတ်လုံးနေ့တိုင်း မိုးရွာတာပဲ။

**We've seen that movie five times.**

ဒီရုပ်ရှင်ကားကို ကျွန်တော်တို့ ငါးကြိမ်ကြည့်ပြီးကြပြီ။

(d) မကြာလှသေးသော အတိတ်ကာလက အကြောင်းအရာတစ်ခုသည် ယခုပစ္စုပ္ပန်တိုင်အောင် ရိုက်ခတ်နေဆဲ ဖြစ်လျှင်

**He's not coming with us; he's been sick all week.**

သူ ငါတို့နဲ့ မလာနိုင်ဘူး။ သူတစ်ပတ်လုံး ဖျားနေတယ်။

(သူဖျားနေတာ ခုထိပဲ၊ မပျောက်သေးတဲ့သဘော)

**I'm so happy. I've just found my wallet.**

ငါ သိပ်ပျော်နေတာပဲ၊ငါ့ပိုက်ဆံအိတ် ပြန်တွေ့ပြီ။

(ပိုက်ဆံအိတ်ပြန်တွေ့တာ ခုနကတည်းက ၊ ဒါပေမယ့် အပျော်တွေကခုထိ ပျံ့နှံ့နေဆဲ)

**Simple past** နှင့် **present perfect** တို့သည် ရောထွေးနိုင်သည်။ မိမိဆိုလိုသော အဓိပ္ပာယ်ပေါ်တွင် မူတည်ပြီး ခွဲခြားသုံးရ၏။

**Myo Ne La ate here often.**

မျိုးနေလဒီမှာ မကြာခဏ စားခဲ့တယ်။

(တစ်ခါက ဒီမှာစားခဲ့တယ်။ခုတော့ မစားတော့တဲ့ သဘော)

**Myo Ne La has eaten here often.**

မျိုးနေလ ဒီမှာ မကြာခဏ စားတယ်။

(အရင်ကလဲ စားခဲ့၊ ခုလဲ ဒီမှာ လာစားနေတုန်းပဲ)

**How long did you study French, May Oo?**

မေဦးရေ၊ နင် ပြင်သစ်စာသင်တာ ဘယ်လောက်ကြာသလဲ။

(တစ်ခါက သင်ခဲ့၊ ခုတော့ မသင်တော့တဲ့ သဘော)

**How long have you studied French, May Oo?**

မေဦးရေ၊ နင်ပြင်သစ်စာသင်တာ ဘယ်လောက်ကြာသလဲ။

(အရင်ကလဲသင်၊ ခုထိလဲ သင်နေဆဲ)

အချိန်ကာလ အတိအကျကို ဤ Tense နှစ်မျိုးလုံးဖြင့် ပြောနိုင်သည်။

**Nanda Kyaw Thu moved to Bago last summer.**

ပြီးခဲ့တဲ့နွေက နန္ဒကျော်သူ ပဲခူးကို ပြောင်းသွားခဲ့တယ်။

Nanda Kyaw Thu has lived in Bago since last summer.

နန္ဒကျော်သူသည် ပြီးခဲ့တဲ့ နွေရာသီကတည်းက ပဲခူးကို ပြောင်းခဲ့သည်။

Past Perfect Tense ကို Past Tense နှင့်တွဲသုံးနိုင်သည်။ ဖြစ်ရပ်နှစ်ခုအနက် တစ်ခုပြီးမှ တစ်ခုဖြစ်ပျက်သောအခါတွင် သုံးသည်။ အရင်ဖြစ်သော အဖြစ်အပျက်ကို Past Perfect Tense နောက်ဖြစ်သော အဖြစ်အပျက်ကို Past Tense သုံးသည်။

I had already eaten when you called last night.

ခင်ဗျား မနေ့ညက ဖုန်းဆက်တုန်းက ကျွန်တော်ထမင်းစားပြီးသွားပြီ။

The show had begun when we arrived.

ကျွန်တော်တို့ ရောက်တော့ ပွဲကစ,နှင့်နေပြီ။

Future Perfect Tense သည် နောင်တစ်ချိန်တွင် ဖြစ်ပျက်ပြီးစီးမည့်အကြောင်းကို ပြဆိုသည်။

They'll have eaten by the time you arrive.

ခင်ဗျားရောက်တဲ့ အချိန်မှာ သူတို့စားပြီးနှင့်ကြမယ်။

By this time next week, Su Myat Naing will have finished her examination.

နောက်အပတ် ဒီအချိန်ဆို စုမြတ်နိုင် စာမေးပွဲပြီးနေလိမ့်မယ်။

# TOEFL GRAMMAR

## Conjunction , Interjections .......

1. After, before နှင့် but တို့ကို conjuctions အနေနှင့်ရော preposition အနေနှင့်ပါသုံးနိုင်သည်။ ယင်းစာလုံးတို့နောက်မှ လိုက်သော နာမ်စားသည် စကားလုံးအသုံးပြုမှုပေါ်မူတည်၍ ပြောင်းလဲတတ်သည်။

Naymyo Bala arrived after me.(preposition)

နေမျိုးဗလသည် ကျွန်တော်ရောက်ပြီးနောက်တွင်ရောက်သည်။

Naymyo Bala arrived after I had already left (con junction )

နေမျိုးဗလသည် ကျွန်တော်ထွက်သွားပြီးနောက်တွင် ရောက်သည်။

Marlar Tin Chit dived into the pool before me. ( preposition )

မာလာတင်ချစ်သည် ရေကန်ထဲသို့ ကျွန်မအရင် ဒိုင်ဗင်ထိုးချသည်။

Marlar Tin Chit dived into the pool before I did. ( conjunction )

မာလာတင်ချစ်သည် ကျွန်မရေကန်ထဲသို့ဒိုင်ဗင်မထိုးခင် ထိုးချလိုက်သည်။

2. အောက်ပါစာလုံးများသည် conjunction မဟုတ်။ ထို့ကြောင့် clause များ၏ရှေ့တွင်သုံး၍မရ။

like ( preposition or verb )

providing (verb ပုံစံ)

without ( preposition)

He will be here provided he can remember the address.

အကယ်၍သူ့လိပ်စာကို မှတ်မိလျှင် သူဤနေကိုရောက်ပါလိမ့်မည်။

3. However, thus, in fact တို့သည် Adverb များဖြစ်သော်လည်း conjunction အနေနှင့်သုံးသည်။

The two sides met again today; however ,they reached no conclusion.

ဘက်နှစ်ဘက် ယနေ့ထပ်မံတွေ့ဆုံကြသည်။ မည်သို့ပင် ဆိုစေကာမူ အဆုံးသတ်အဖြေတော့မရခဲ့ကြ။

May Than Mya is moving to Mandalay, thus we must find a new assistant.

မေသန်းမြ မန္တလေးကို ပြောင်းသွားပြီ။ ထို့ကြောင့်ကျွန်တော်တို့လက်ထောက်အသစ်တစ်ယောက်ရှာကြရမည်။

semicolons(;) နှင့် comma, (,) ကြားတွင်သုံးသော conjunctive adverb (conjunction အနေနှင့်သုံးသော adverb များ )၏ စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| accordingly hence | likewise | |
| also | however | meanwhile |
| anyway | in addition | moreover |
| besides | indeed | nevertheless |
| consequently | in fact | on the contrary |
| for example, in other words, on the other hand | | |
| furthermore, instead | | or else |
| | | still |
| | | therefore |
| | | thus |

4. Subordinate conjunction များသည် dependent clause နှင့် indepentent clause တို့ကိုဆက်သွယ်ပေးသည်။ Dependent Clause က ဝါကျတွင်အရင်လာသောအခါ ကော်မာခံပေးရသည်။

Unless you register, you cannot attend class.

ခင်ဗျားမှတ်ပုံတင်မထားရင် ခင်ဗျားအတန်းမတက်နိုင်ဘူး။

After she cooks rice, she 'll sweep the floor.

သူထမင်းချက်ပြီးလျှင် ကြမ်းကိုတံမြက်လှဲမည်။

အသုံးချသော Subodinate Conjunctions များမှာ အောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| after | since |
| although | than |
| as | that |

| | |
|---|---|
| as if | though |
| because | unless |
| before | until |
| even though | when |
| if | where |
| in order that | whether |
| lest | while |

5. Coordinate conjunction များမှာ အဆင့်တူစာလုံးများကို ဆက်သွယ်ရာတွင်သုံးသည်။ စာလုံးများ၊ စကားစုများ၊ clause များ တိုဆက်သည်။

May Thu and Mya Sanda swam and rode.

မေသူနှင့် မြစန္ဒာသည် ရေကူးကြ၊ မြင်းစီးကြသည်။

The ball went out the window but not through the fence.

ဘောလုံးသည် ပြတင်းပေါက်မှ အပြင်ထွက်သွားသည်။သို့ သော်ခြံစည်းရိုးတော့ကျော်မသွား။

အသုံးများသော coordinate conjunction များမှာ-

| | |
|---|---|
| and | for (အဘယ်ကြောင့်ဆိုသော်) |
| yet | or |
| but | nor |

6. Correlative conjunction များမှာ အမျိုးတူစာလုံးများကို ဆက်ရာတွင်သုံးသည်။ ၎င်းတို့သည် အတွဲလိုက်ဖြစ်သည်။

| | |
|---|---|
| as.......as | not only .......... but also |
| neither .......nor | whether ........... or |
| so ......... as | if ........... then |
| both ........and | either ......... or |

Swe Set is as tall as his uncle.

ဆွေဆက်သည် သူ့ဦးလေးကဲ့သို့ပင် အရပ်ရှည်သည်။

The meal was not only good, but also cheap.

အစားအသောက်သည် ကောင်းရုံးမျှမက ဈေးလဲချိုသည်။

The taxi driver explained that if we couldn't pay, then we couldn't ride.

အငှားကားဆရာက ကျွန်တော်တို့ပိုက်ဆံမပေးနိုင်လျှင် သူ မမောင်းနိုင်ဟုရှင်းပြသည်။

7. Correlative conjunctions များကို နှစ်ခု နှစ်ယောက်ကို ဆက်သွယ်ရာတွင်သာသုံးသည်။ နှစ်ခု နှစ်ယောက်ထက်ပို လာပါက မှားသည်။

Neither Mary, Meg nor Marther will accompany you. (Wrong)

You will not be accompanied by Mary, or by Mge or by Martha. ( Right )

ခင်ဗျားကို မေရီ ဒါမှမဟုတ် မင် (ဒါမဟုတ်) မာသာက လိုက်ပို့ကြလိမ့်မည် မဟုတ်။

8. အထက်ဖော်ပြပါ conjunction များကိုသုံးစွဲသောအခါ မိမိ

ဆက်သွယ်မည့် စာလုံးနှင့် နီးကပ်နိုင်သမျှ နီးကပ်စွာထားရှိ သုံးစွဲရန် အရေးကြီးပါသည်။

**She both gave me money and food. ( Wrong )**

**She gave me both money and food. ( Right )**

(ပထမဝါကျကမှားပါသည်။အဘယ့်ကြောင့်ဆိုသော် **both**နှင့် **and** ကို **Noun** နှစ်ခုဆက်၍မှန်ပါသည်)။

9. **There, here** နှင့် **it** တို့သည် ဝါကျကိုပိုမိုလေးနက်စေရန် (သို့) ချောမွေ့ စေရန်သုံးစွဲပါသည်။

**There is a mosquito in the room.**

အခန်းထဲမှာ ခြင်တစ်ကောင်ရှိသည်။

**It was I who called you yesterday.**

မနေ့က ဖုံးဆက်တာ ငါပဲ။

**There are twenty players on the team.**

အသင်းမှာ ကစားသူနှစ်ဆယ်ပါတယ်။

**Here comes the bus.**

ဘတ်စ်ကားလာနေပြီ။

10. **Interjections** ခေါ် အာမေဍိတ်စကားလုံးများသည် သဒ္ဒါ စည်းကမ်းအရ မည်သည့်စာလုံးနှင့်မျှ အဆက်အသွယ်မရှိပါ။ **exclamation point** အာမေဍိတ်အမှတ်အသား ထည့်ရုံနှင့်ရပါသည်။အချို့စာလုံးများသည် အာမေဍိတ်အစစ်ဖြစ်ကြသည်။ သို့သော် မည်သည့်စာလုံးကိုမဆို အာမေဍိတ် သုံးနိုင်သည်။

Wow! You made a hole- in - one.

အမလေး ၊ မင်းက တစ်ချက်ထဲနဲ့ကျင်းဝင်တာကိုး။

( ဂေါက်သီးသုံးစကား )

## TOEFL GRAMMAR

## Preposition

1. Preposition တွင်ကံ (Object ) လိုသည်။ ထို့ကြောင့် Preposition ၏ Object များဖြစ်သော နာမ်စားများသည် Objective သာဖြစ်ရမည်။

Wrong- He was asked to choose between Jack andI.

Right-He was asked to choose between Jack and me.

ဂျက်နဲ့ကျွန်တော်နဲ့တစ်ယောက်ယောက်ကို ရွေးဖို့ သူကိုပြောထားတယ်။

2. ရှင်းရှင်းလင်းလင်းပြောလိုသောအခါ Preposition ကိုထပ်တလဲလဲ သုံးရမည်။

Wrong- He thought more of his dog than his son.

Right- He thought more of his dog than of his son.

သူသည် သူ့သားထက်သူ့ခွေးအကြောင်းကို ပိုစဉ်းစားမိခဲ့သည်။

မလိုအပ်ပဲ Preposition ထပ်တလဲလဲ မသုံးရန်ကိုကား သတိထားပါ။

Wrong - of what are you afraid of?

**Right - What are you afraid of ?**

မင်းဘာကိုကြောက်နေတာလဲ။

4. လူအများစုက **Preposition** များဖြင့် ဝါကျကိုမဆုံးသင့်ဟု ထင်ကြသည်။ ဤအယူအဆ မမှန်ကန်ပါ။ အချို့ဝါကျများတွင် **Preposition** နှင့် မဆုံးပဲရေး၍ ရသော်လည်း **Preposition** ဖြင့် ဆုံးလျှင်မမှားသော ဝါကျများလည်းရှိကြောင်း သတိပြုစေလိုပါသည်။

**What is your aunt looking for ?**

မင်းအဒေါ် ဘာရှာနေတာလဲ

**I don't know what you're talking about.**

ခင်ဗျားဘာပြောနေသလဲဆိုတာ ကျွန်တော်မသိပါ။

## အထူးအသုံးအနှုန်း မှတ်စုများ

1. **Among** ကို ၂ခု (သို့)၂ခုထက်ပိုသော အရာများနှိုင်းယှဉ်ရာတွင်သုံးသည်။

**Let's keep the news secret among the three of us.**

ဒီသတင်းကို ဒို့သုံးယောက်ကြားမှာပဲ လျှို့ဝှက်ထားလိုက်ကြစို့။

**Between** ကို ၂ခု၊၂ယောက်ကြားမှာ သုံးသည်။

**There is no secret between two of us.**

ကျုပ်တို့နှစ်ယောက်ကြားမှာ ဘာလျှို့ဝှက်ချက်မှမရှိပါဘူး။

2. **As** အဓိပ္ပါယ်မှာ "ကဲ့သို့" ဟုဖြစ်ပြီးကြိယာများကို နှိုင်းယှဉ်

ရာတွင် Conjunction အနေနှင့်သုံးသည်။ Preposition အနေနှင့် သုံးလျှင်မူ " အနေနှင့်၊ အဖြစ်နှင့် " ဟုအဓိပ္ပါယ် မှာလည်း "တူညီသည့်" သဘောဆောင်သည်။ As နှင့် Like ကိုအလဲလဲ အလှယ်လှယ် ဖလှယ်မသုံးနိုင်ပါ။ Like မှာ Preposition သာဖြစ်သည်။

That cloud look like a duck.

ဤတိမ်များသည် ဘဲနှင့်ပုံသဏ္ဌာန်တူသည်။

You are just like your mother.

မင်းကမင်းအမေနဲ့ တူတယ်။

You should do as you are told.(Conjunction)

မင်းကို ပြောထားတဲ့အတိုင်း လုပ်သင့်တယ်။

He works part-time as a clerk.(Preposition)

သူစာရေးအနေနဲ့ အချိန်ပိုင်း ဝင်လုပ်တယ်။

3. As far as ကို အကွာအဝေးပြရာတွင် သုံးသည်။

Until ကို အချိန်ပြရာတွင် သုံးသည်။

I'll wait for you until five O'clock.

ကျွန်တော်ခင်ဗျားကို ငါးနာရီတိုင်အောင် စောင့်မယ်။

I'll walk as far as the corner.

လမ်းထောင့်(ထိပ်)အထိတော့ လျှောက်လိုက်ဦးမယ်။

4. Beside = ဘေးမှာ

Besides = ဒါ့အပြင်

I sat beside your brother at dinner last night.

ငါမင်းအစ်ကို ဘေးမှာ မနေ့ညက ညစာ စားတုန်းက ထိုင်ခဲ့တယ်။

**Besides typing I'm also taking short hand course.**

လက်နှိပ်စက်အပြင် ကျွန်တော်လက်ရေးတိုသင်တန်းလဲ တက်ခဲ့ပါတယ်။

5. **Despite** နှင့် **In spite of** လို အလဲလဲအလှယ်လှယ်သုံးနိုင်တယ်။နောက်တွင် ကပ်လျက် **Noun** လိုက်ရမည်ကိုကား သတိပြုပါ။

**Despite his age, he worked as hard as his son.**

အသက်ကြီးပေမယ့်၊ သူ့သားလိုပဲ သူအလုပ်ကြိုးစားလုပ်နိုင်တယ်။

**In spite of his age, he worked as hard as his son.**

**Despite the fact that/In / spite of the fact that** တို့ နောက်တွင်မူ **Clause** လိုက်ရမည်။

**Despite the fact that we had lost, we were in good spirits.**

**In spite of the fact that we had lost, we were in good spirts.**

ကျွန်တော်တို့ ရှုံးခဲ့ကြပေမယ့် စိတ်ဓါတ်အရတော့ ကောင်းခဲ့ကြပါတယ်။

6. **Differ from** = မတူခြားနားသည်။

**Differ with** = သဘောကွဲလွဲသည်။

Your car differs from mine.

ခင်ဗျားကားနဲ့ ကျွန်တော်ကား မတူဘူး

I differ with your opinion,but I'm still your friend.

ငါမင်းနဲ့သဘောမတူဘူးကွာ။ဒါပေမယ့် ငါက မင်းသူငယ်ချင်းတော့ ဖြစ်နေဆဲပါပဲ။

7. Different from သည်နှိုင်းယှဉ်ချက်ကို ပြသည်။

Wrong- Life here is no different than life anywhere else.

different than ကိုကား မသုံးရ။

Right-Life here is no different from life anywher else.

ဒီနေရာက ဘဝဟာ အခြားနေရာတွေက ဘဝတွေနဲ့ဘာမှ မခြားနားပါဖူး။

8. During မှာ "when" ဆိုသောမေးခွန်း၏ အဖြေသာ ဖြစ်သည်။

When did your father come back ?

He arrived during our lunch break.

မင်းအဖေ ဘယ်တုံးက ပြန်ရောက်သလဲကျွန်မတို့နေ့လည်စာ စားချိန်မှ ပြန်ရောက်ခဲ့ပါတယ်။

9. for သည်ကြာသည့်အချိန်ကိုပြသည်။ since မှာ "ကတည်းက" ဟု အဓိပ္ပာယ်ရသည်။

I have worked here for four years.

ကျွန်တော်ဒီမှာ အလုပ်လုပ်တာ လေးနှစ်ကြာပါပြီ။

I have worked here since 1999.

ကျွန်တော် ၁၉၉၉ ခုနှစ်ထဲက ဒီမှာ အလုပ်လုပ်ပါတယ်။

# TOEFL GRAMMAR

## Progressive Tense

ဤ Tense တွင် Present Progressive, Past Progressive, Future Progressive, Present Perfect Progressive တို့ပါဝင်သည်။ ပြောနေသော အချိန်တွင် ဖြစ်ရပ်တစ်ခုသည် မပြီးသေးဘဲ ဆက်လက်ဖြစ်ပျက်လျက်ရှိကြောင်းကို ပြသရာတွင် သုံးသည်။

Present Progressive သည် လက်ရှိ မျက်မှောက်ကာလတွင် ဖြစ်ပျက်နေသည့် အဖြစ်အပျက်ကို လည်းကောင်း၊ အနာဂတ်ကို လည်းကောင်း ပြဆိုသည်။

You are reading this page.

မင်း ဒီစာမျက်နှာကို ဖတ်နေတယ်။

I'm writing a letter now.

ကျွန်တော်အခု စာရေးနေတယ်။

Are you leaving for Pyin Oo Lwin tomorrow?

ခင်ဗျား နက်ဖြန် ပြင်ဦးလွင်ကို သွားမှာလား။

She's arriving from Pyay by train.

သူ ပြည်ကနေ မီးရထားနဲ့ ရောက်လာမယ်။

Past Progressive သည် ဖြစ်ရပ်နှစ်ခုတစ်ပြိုင်နက်ထဲ ယခင်က ဖြစ်ပျက်နေသည်ကို ပြဆိုသည်။

I was typing when you came last night.

ခင်ဗျားမနေ့ကလာတုန်းက ကျွန်တော်လက်နှိပ်စက် ရိုက်နေခဲ့တယ်။

**You were sleeping when I called.**

ကျုပ် ဖုံးဆက်တုန်းက ခင်ဗျားအိပ်နေခဲ့တယ်။

**Future Progressive** သည် နောင်ကာလတွင် ဖြစ်ပျက်နေသည်ကို ပြသည်။

**At this time next year, he'll be studying at Yangon University.**

ရှေ့နှစ် ဒီအချိန်ဆိုသူ ရန်ကန်တက္ကသိုလ်မှာ ပညာသင်နေလိမ့်မယ်။

**They will be harvesting the paddy the time you get there.**

ခင်ဗျား ဟိုကိုရောက်တဲ့အချိန်မှာ သူတို့ စပါးရိတ်သိမ်းနေကြလိမ့်မယ်။

**Present Perfect Progressive Tense**

သည် အတိတ်ကစတင် ဖြစ်ပျက်ခဲ့ပြီး ယခုချိန်ထိ ဆက်လက်ဖြစ်ပွားဆဲဖြစ်သည်ကို ပြရာတွင် သုံး၏။

၄င်း **Tense** ကို **Present Perfect** နှင့် လဲလှယ်သုံးစွဲနိုင်သည်။

**Nyein Kyaw has been working on his book since March.**

ငြိမ်းကျော်သည် မတ်လကတည်းက သူ့စာအုပ်ကို ရေးနေသည်။

**(Nyein Kyaw has worked on his book since March** ဟုလည်း သုံးနိုင်သည်)

Past Perfect Progressive နှင့် Future Perfect Progressive တို့ကိုမူ အသုံးနည်းပါသည်။

Soe Thida Aung had been calling me all day Saturday, but I wasn't at home.

စိုးသီတာအောင်က စနေနေ့ တစ်နေ့လုံး ကျွန်တော့်ဆီ ဖုန်းဆက်ခဲ့တယ်၊ ဒါပေမယ့် ကျွန်တော်က အိမ်မှာမရှိဘူး။

Kyaw Thu Mg will have been visiting his grandmother in Thazi for two weeks by the time I finish my exam.

ကျော်သူမောင်သည် ကျွန်တော်စာမေးပွဲပြီးချိန်တွင် သူ့အဘွားရှိရာ သာစည်သို့ နှစ်ပတ်လည်သွားလိမ့်မည်။

Tense များကို လဲလှယ်ပြောင်းလဲ သုံးစွဲ၍ မရ။

Wrong - When she arrives home, I'll be asleep.

Right - When she arrives home, I am asleep.

သူအိမ်ပေါ်ရောက်တော့ ကျွန်တော်အိပ်နေပြီ။

Wrong - I stayed home from work because I'm sick.

Right - I stayed home from work because I was sick.

အလုပ်မသွားဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဖျားနေလို့။

Wrong - What did she say ? She said her name is Alice.

Right - What did she say? She said her name was Alice.

သူဘာပြောတာလဲ၊ သူ့နာမည် အဲလစ်လို့ ပြောတယ်။

## Auxiliary Verbs

- Auxiliary Verbs မှာ ကြိယာများနှင့်တွဲသုံးသော အရံကြိယာ၊ အကူကြိယာများကိုခေါ်ပါသည်။အသုံးအများဆုံး အရံကြိယာများမှာ-

| | | |
|---|---|---|
| Must | need | let |
| may | might | can |
| should | would | could |
| shall | will | ought |
| have(has) | going to | do(does,did) |

be(am,is,are,was ,were, being been)

- အရံကြိယာများကို နာမ်စားနှင့် တွဲသုံးသောအခါ အတိုကောက်သုံးစွဲနိုင်သည်။အတိုကောက် အသုံးအနှုန်းများကို အမေရိကန် အင်္ဂလိပ်စာတွင် သုံးလေ့သုံးထရှိပြီး အများက လက်ခံ သုံးစွဲနေကြသည်။

be - I'm / you're/he's/she's/it's/we're/they're

Shall/will - I'll/you'll/he'll/she'll/it'll/we'll/they'll

have/has - I've/ you've/he's/she's/it's/we've/they've

had/would - I'd/you'd/he'd/she'd/it'd/we'd/they'd

have - would've/could've/should've/might'/ve must've

- အရံကြိယာများကို Past Tense နှင့် တွဲမသုံး။

I had began the exercise (Wrong).

I had begun the exercise(Right).

ကျွန်တော်လေ့ကျင့်ခန်းကို စ,လုပ်ခဲ့ပြီးပြီ။

They could saw the lights (Wrong).

They could see the lights (Right).

သူတို့ မီးရောင်ကို မြင်ခဲ့ကြတယ်။

have, has, had တို့နှင့် Past Participle ကိုသုံးရသည်။

I drunk the water (Wrong).

I had drunk the water (Right).

ကျွန်တော် ရေသောက်ခဲ့ပြီးပြီ။

အရံကြိယာအချို့ကို ပင်မကြိယာအဖြစ် သုံးတတ်သည်။

We all need love. (ပင်မကြိယာ)

ကျုပ်တို့အားလုံး မေတ္တာလိုအပ်တယ်။

You need not go. (အရံကြိယာ)

မင်းသွားဖို့ မလိုဘူး။

Mya Po Tha does his work. (ပင်မကြိယာ)

မြဖိုးသား သူ့ အလုပ်သူလုပ်တယ်။

She doen't want our help. (အရံကြိယာ)

သူကျုပ်တို့ အကူအညီမလိုဘူး။

Their football team has a new coach. (ပင်မကြိယာ)

သူတို့ ဘောလုံးအသင်းမှာ နည်းပြသစ် တစ်ယောက်ရှိတယ်။

He's lived here all his life. (အရံကြိယာ)

သူဘဝတစ်လျှောက်လုံး သူ့ဆီမှာနေတယ်။

- မဟုတ်ကြိယာ(Negative)များကိုလည်း အတိုကောက် သုံးနိုင်သည်။

| | | |
|---|---|---|
| isn't | weren't | hasn't |
| hadn't | don't | can't |
| won't | shouldn't | needn't |
| wasn't | aren't | haven't |
| doesn't | didn't | couldn't |
| wouldn't | mustn't | oughtn't |

- အရံကြိယာများအနက် 'have to' တစ်လုံးထဲသာလျှ Present, Past, Future နှင့် Perfect tense မှာ သုံးနိုင်သည်။

I have to slow down every time I drive on this road.

ဤလမ်းကို မောင်းသည့်အခါတိုင်း ကျွန်တော်အရှိန်လျှော့ချ သည်။

We had to slow down on this road last night.

ကျွန်တော်တို့ မနေ့ညက ဤလမ်းပေါ်တွင် အရှိန်လျှော့ ကြရသည်။

You will have to slow down on this road to night.

ခင်ဗျား ဒီညဒီလမ်းပေါ်မှာ အရှိန်လျှော့မောင်းရလိမ့်မယ်

She has had to slow down on this road many times.

သူမ ဤလမ်းပေါ်တွင် အရှိန်လျှော့မောင်းရသည့် အကြိမ်မှ များလှပြီ။

နောက်တွဲမေးခွန်း(tag question) များတွင် နာမ်စားနှင့် အ ကြိယာကို တွဲသုံးကြသည်။

**He hasn't written to you yet,has he ?**

သူ မင်းဆီ ခုထိစာမရေးသေးဘူး။ ရေးလို့လား။

**Ma Ma Chit can drive a car now, can't she?**

မမချစ် အခုကားမောင်းနိုင်ပြီ၊ မောင်းနိုင်တယ်မဟုတ်လား။

**Thuyein won't be coming with us,will he?**

သူရိန်က ငါတို့နဲ့ လိုက်မှာမဟုတ်ဘူး၊ လိုက်မှာမို့လား။

အင်္ဂလိပ်ဘာသာစကားတွင် တိုက်ရိုက် မေးခွန်းများတို အဖြေတိုများဖြင့် ပြန်ဖြေလေ့ရှိကြသည်။ အဖြေကိုတွင် **Yes/No** နှင့် ကတ္တား **Subject** ရယ်၊ အကူကြိယာရယ်ကို တွဲသုံးရသည်။ပင်မကြိယာကို ပြန်မသုံးရ။

**Can he make pudding?**

သူ ပူတင်းလုပ်နိုင်သလား။

**Yes, he can.**

ဟုတ်ကဲ့သူလုပ်နိုင်ပါတယ်။

**No, he can't.**

ဟင့်အင်း သူမလုပ်နိုင်ဘူး။

**Do you speak Chinese?**

မင်းတရုတ်လို ပြောတတ်လား။

**Yes,I do.**

ဟုတ်ကဲ့ ပြောတတ်တယ်။

**No,I don't.**

ဟင့်အင်း မပြောတတ်ဘူး။

ဆန့်ကျင်ဘက်ပြောလိုလျှင် **but** နှင့် တွဲ၍ အရံကြိယာကို သုံးနိုင်သည်။ပင်မကြိယာကို ပြန်မသုံးရ။

**Ko Ko has eaten dinner,but Ma Ma hasn't.**

ကိုကို ညစာ စားပြီးပြီ၊ ဒါပေမယ့် မမ မစားရသေးဘူး။

(**Ma Ma hasn't eaten dinner** ဟု အပြည့်အစုံ ပြန်ပြောရန် မလို)

**My wife doesn't have to work tomorrow, but I do.**

ကျွန်တော့်ဇနီးက မနက်ဖန် အလုပ်မလုပ်ရဘူး။ ဒါပေမယ့် ကျွန်တော်ကတော့ လုပ်ရမယ်။

**The first level won't be difficult,but the second will.**

ပထမဆင့်က မခက်ဘူး၊ ဒုတိယဆင့်ကတော့ခက်လိမ့်မယ်။

ရှေ့ဝါကျနှင့်အလားတူ အဓိပ္ပါယ်ဆောင်သော ဝါကျများတို့ ထပ်တလဲလဲ မသုံးတော့ဘဲ၊ **and, too, so, either, neither** စသော စာလုံးများနှင့် အရံကြိယာတို့တွဲကာ သုံးစွဲနိုင်တယ်။

**Tasha lives in Moscow, and Ivan does too.**

တာရှာက မော်စကိုမှာနေတယ်။အီဗန်လဲ နေတယ်။

(**Ivan lives in Moscow** ဟု ထပ်ရေးရန် မလို)

**Gerry can row a boat and so can Alan,**

ဂယ်ရီက လှေလှော်တတ်တယ်။အယ်လင်လဲ ဒီလိုပဲ။

**Myo Pa Pa is from Yangon and her husband is too.**

မျိုးပပက ရန်ကုန်က၊ သူ့ယောက်ျားလဲ အတူတူပဲ။

**Bo Ni rarely travels outside of Myanmar, and neither does his brother.**

ဘိုနီဟာ မြန်မာနိုင်ငံအပြင်ဘက် ထွက်ခဲ့တယ်၊ သူ့အစ်ကိုလဲ ...ိလိုက်ပါပဲ။

**We won't attend her wedding,and Ohnmar won't either.**

ဒို့ သူ့မင်္ဂလာဆောင် မသွားဘူး။ ဥမ္မာလဲ မသွားဘူး။

ရှေ့ဝါကျမှ ကြိယာနှင့် ပုံစံတူနေလျှင် နောက်ဝါကျမှ အရံ ကြိယာကို ဖြုတ်ထားနိုင်တယ်။

**We will remember the good times and will forget the bad ones.**

**We will remember the good time and forget the bad ones.**

ခေတ်ကောင်းအချိန်ကောင်းကို ကျွန်ုပ်တို့ သတိရကြပြီး မကောင်းတာတွေကို မေ့ပစ်ကြသည်။

(ဒုတိယဝါကျမှ အရံကြိယာ **will** ကိုဖြုတ်ခဲ့သည်။

**as ..... as** ဝါကျများတွင် ကတ္တားနှင့်အရံကြိယာသာထည့်ပြီး ကြိယာကို ချန်လှပ်ထားရသည်။

**We drove as fast as we could (drive).**

ကျွန်တော်တို့ မြန်နိုင်သမျှမြန်မြန်မောင်းကြတယ်။

**She spends as much time with her father as she can (spend with him).**

သူ့အဖေနဲ့သူ တတ်နိုင်သမျှ အချိန်များများနေတယ်။

××××××××

**စိုးစံစာပေ**

## TOEFL GRAMMAR

ဝါကျ

1. ဝါကျတွင် ပြုလုပ်သူ(Subject)နှင့် ကြိယာ(Verb)တို့လိုပါသည်။ အမိန့်ပေးဝါကျများတွင်မူ ပြုလုပ်သူကို ချန်လှပ်၍ ပြောလေ့ရှိသည်။

**May Sweet sings.** မေဆွိသီချင်းဆိုသည်။

**Soe Myat Thuza doesn't sing.** စိုးမြတ်သူဇာသီချင်းမဆိုပါ။

**Does Moe Moe Myint Aung sing?** မိုးမိုးမြင့်အောင် သီချင်းဆိုသလား

**Stand up** မတ်တပ်ရပ်

2. စကားစု(Phrase)နှင့်ဝါကျကို မမှားသင့်ပါ။

**After coming in from the rain. The dog shook water all over the floor. (wrong).**

(ဤဝါကျမှားပါသည်။ ပထမပိုင်းသည် စကားစုဖြစ်ပါသည်။ ဝါကျမဟုတ်ပါ။)

**After she came in from the rain, the dog shook water all over the floor. (Right)**

မိုးထဲက ပြန်လာပြီးနောက် ခွေးမသည် ကြမ်းပြင်တစ်ခုလုံးပေါ် ရေတွေခါချသည်။

**Mya Mya Win swimming at top speed won the race (wrong)**

Mya Mya Win swimming at top speed. Won the race. (Right)

မြမြဝင်းသည် အမြန်ဆုံးနှုန်းဖြင့် ရေကူးပြိုင်ပွဲတွင် အနိုင်ရခဲ့သည်။

3. Dependent clause နှင့် ဝါကျကို မမှားရပါ။

Ma Lay was about to drop out of school. When she changed his minel (wrong)

Just as she ws about to drop out of school, Ma lay chyanged her mind. (Right)

ကျောင်းက ထွက်ခါနီးလေးမှာတင် မလေးစိတ်ပြောင်းသွားခဲ့တယ်။

**Double Negative**

4. မဟုတ်စာလုံး Negative နှစ်ခုကို တွဲသုံးမိလျှင် အဟုတ် Positive အဓိပ္ပါယ်ထွက်တတ်သည်ကို သတိပြုပါ။ ထို့ကြောင့် Negative စာလုံးနှစ်လုံးသုံးခြင်းကို တတ်နိုင်သမျှ ရှောင်ပါ။

I am not unhappy အဓိပ္ပါယ်မှာ I am happy ဖြစ်သည်။

I don't know nothing, ထက် I don't know anything (or) I know nothing သုံးသင့်သည်။

5. Hardly, scarely, barely တို့သည် မဟုတ်အဓိပ္ပါယ်ကို ဆောင်မည်ကို သတိပြုပါ။

Ma Ma didn't hardly eat her lunch. (Wrong)

Ma Ma hardly ate her lunch. (Right)

Ma Ma didn't eat her lunch (Right)

## Word Order

6. အင်္ဂလိပ်ဝါကျများတွင် ဝါကျအထားအသို အစီအစဉ်ရှိသည်။ ပုံမှန်အထားသိုမှာ subject predicate, indirect object, direct object,adverbial modifier တို့ဖြစ်သည်။

We went last week to Bago. (Wrong)

Last week we went to Bago. (Right)

We went to Bago last week. (Right)

လွန်ခဲ့တဲ့အပတ်က ကျွန်တော်တို့ ပဲခူးကို သွားခဲ့ကြတယ်။

Throw Ma Ma down the stairs herhat. (Wrong)

Throw Ma Ma's hat down the stairs. (Right)

မမရဲ့ဦးထုပ်ကို လှေကားအောက်ကို ပစ်ချလိုက်။

## Misleading Misplacements

7. စကားလုံးတစ်လုံးကိုပင် နေရာလွဲမှားစွာအသုံးပြုလျှင် အဓိပ္ပါယ် လွဲမှားသွားနိုင်သည်။

Last week I almost lost 100 kyats.

လွန်ခဲ့တဲ့အပတ်က ငါ ငွေတစ်ရာ ပျောက်တော့မလို့။ (မပျောက်ခဲ့)

Last week I lost almost 100 kyats.

လွန်ခဲ့တဲ့အပတ်က ငါငွေတစ်ရာနီးပါး ပျောက်ခဲ့တယ်။

8. စကားစုများကို နေရာလွဲမှားစွာသုံးလျှင် အဓိပ္ပါယ်လွဲမှားသွားနိုင်သည်။

**Nyi Ma Lay held the cat with a smile.**

(ညီမလေးကပဲပြုံးပြီး ကြောင်ကိုကိုင်နေသလား၊ ပြုံးနေတဲ့ကြောင်ကိုပဲ ညီမလေးက ကိုင်ထားသလား၊ ဝါကျမှာမရှင်း)

**With a smile on her face, Nyi Ma Lay held the cat.**

(ညီမလေးက မျက်နှာကိုပြုံးရင်း ကြောင်ကိုကိုင်သည်။)

**Last night I went to see U Ko Ko in a new skirt.**

ဘယ်သူက စကပ်ဝတ်ထားသလဲ ငါလား ဦးကိုကိုလား မရှင်း

**Last night I put on my new skirt and then went to see U Ko Ko.**

(မနေ့ညက ကျွန်မသည် စကပ်အသစ်ကို ဝတ်ပြီးနောက် ဦးကိုကိုနှင့် သွားတွေ့သည်။

9. Clause များကို နေရာလွဲမှားသုံးစွဲလျှင် အဓိပ္ပါယ်လွဲမှားသွားနိုင်သည်။

**When she was seven years old, Mu Mu's aunt got the measles.**

(အသက်ခုနှစ်နှစ်မှ မူမူကျောက်ပေါက်သလား၊ မူမူ့အဒေါ် ဝက်သက်ပေါက်သလား။ မရှင်း)

**When Mu Mu was seven years old, her aunt got the measles.**

(မူမူခုနစ်နှစ်အရွယ်မှာ သူ့အဒေါ် ဝက်သက်ပေါက်တယ်။)

10. Gerunds များကို မှန်ကန်စွာ နေရာချထားရမည်။

Swimming, my back was hurt.

(ကျောကုန်းက ရေကူးနေသလား)

My swimming brought about a back injury.

(ရေကူးနေရင်းနဲ့ ကျောကုန်းအနာတရဖြစ်သွားတယ်)

Moving the bureau, my back was hurt. (Wrong)

I hurt my back while I was moving the bureau. (Right)

ကျွန်တော် ဘီဒိုရွှေ့ရင်းနဲ့ ခါးနာသွားတယ်။

11. infinitive (to အသုံးအနှုန်း) များကို သတိပြုသင့်သည်။

To get here, a short cut had to be taken. (Wrong)

We had to take a short cut to get here. (Right)

ဒီကိုရောက်ဖို့ ကျွန်တော်တို့ဖြတ်လမ်းကို သုံးကြရတယ်။

## Parallelism

12. အပြိုင်စကားလုံးများ သုံးစွဲရာတွင် noun adjective, adverby စသည်ဖြင့် တူသော စကားကို တွဲ၍သုံးရမည်။ သို့မှသာ ရှင်းလင်းမှု၊ ချောမွေ့မှု၊ ဆက်စပ်မှုတို့ကို ရရှိသည်။

It was cold, dark and there was too much wind. (Wrong)

It was cold, dark and windy. (Right)

အေးစက်၊ မှောင်မဲ၊ လေထန်နေတယ်။ (အားလုံး Adj: များ)

Ice skating is more exciting than to roller skate. (Wrong)

Ice skating is more exciting than rollerskating. (Right)

ရေခဲပြင်လျှောစီးတာက ဘီးတပ်စကိတ်စီးတာထက် ပိုပြီး စိတ်လှုပ်ရှားစရာကောင်းတယ်။

13. အပြိုင်သုံးစွဲရာတွင် စကားလုံးကို ထပ်တလဲလဲသုံးစွဲရန် အရေးကြီးသည်။

**We called our father and boss.**(မရှင်း)

**We called our father, and then we called our boss.** (ရှင်း)

ငါတို့အဖေကိုခေါ်ရမယ်။နောက်ပြီး ငါတို့သူဌေးကိုပါခေါ် ရမယ်။

## TOEFL GRAMMAR

### Subject-Predicate Agreement

1. ဝါကျတစ်ခု၏ ကတ္တား(**subject**)သည် ၄င်း၏ **predicate** နှင့် **number** ကိုက်ညီရမည်။ဥပမာ **singular subjects** (အနည်းကိန်းကတ္တား)သည် **singular verbs** (အနည်းကိန်းကြိယာ)နှင့် တွဲရမည်။ **Plural subjects**(အများကိန်းကတ္တား)သည် **Plural verbs** (အများကိန်းကြိယာ)နှင့်တွဲရမည် စသဖြင့်

**The dog barks.**

**The dogs bark.**

2. စကားလုံးများ၊ စကားစုများ **subject** နှင့် **predicate** တို့ကြား တွင်ရှိနေပါက ၄င်းတို့ကို လျစ်လျူရှုကာ **subject** ကိုသာ ညှိသုံးရမည်။

**Bo Bo, as well as her two cousins, calls me everyday.**

**(Bo Bo ..... calls me everyday.)**

ဘိုဘိုရော သူညီဝမ်းကွဲနှစ်ယောက်ပါ နေ့တိုင်း ကျွန်တော့်ဆီ ဖုန်းဆက်ကြတယ်။

**My two aunts, along with their cat, Shwe Wa,visit me every Sunday.**

ကျွန်မအဒေါ်နှစ်ယောက်ရယ်၊ သူတို့ရဲ့ကြောင် ရွှေဝါရယ် ကျွန်မဆီ တနင်္ဂနွေနေ့တိုင်းလာလည်ကြတယ်။

3. **Here** နှင့် **there** တို့သည် နိဒါန်းပြစကားလုံးများဖြစ်ကြ၍ **subject** များမဟုတ်ကြပါ။

**There is a crow on that tree.(Subject crow)**

ဟိုသစ်ပင်ပေါ်မှာ ကျီးတစ်ကောင်ရှိတယ်။

**Here is my book.(Subject-book)**

ဒါကျွန်တော်ရဲ့စာအုပ်ဖြစ်တယ်။

**Here are my books.(Subject-books)**

ဒါကျွန်တော့်ရဲ့ စာအုပ်တွေဖြစ်ကြတယ်။

4. **Subject** သည်အတိုင်းအတာပြစကားလုံး၊ ပမာဏပြစကားလုံး (သို့) သင်္ချာညီမျှခြင်းတို့ဖြစ်ခဲ့လျှင် ၄င်းတို့ကို တစ်ခုထဲအနေနှင့် မှတ်ယူကာ **predicate** သည် အနည်းကိန်းဖြစ်ရမည်။သို့သော် တစ်ခုချင်းအနေနှင့်သီးခြားမှတ်ယူက အများကိန်းသုံးရမည်။

**Three days is enough to complete the work.**

အလုပ်ပြီးဖို့အတွက် သုံးရက်ဆိုလုံလောက်ပါတယ်။

**Two miles is the distance we need to walk.**

ကျွန်တော် လျှောက်ဖို့လိုအပ်တဲ့ အကွာအဝေးက နှစ်မိုင်ပါ။

**Three days are holidays this month the 11th, the 16h, and 27 th.**

ဒီလမှာ ရုံးပိတ်ရက်သုံးရက်ရှိတယ်။၁၁ ရက်ရယ်။ ၁၆ရက်ရယ်၊ ၂၇ ရက်ရယ်။

**These last three weeks have been full of surprises.**

ဤနောက်ဆုံးသုံးပတ်လုံးသည် အံ့သြစရာတွေဖြင့် ပြည့်နှက်နေ၏။

5. အစိတ်အပိုင်း(သို့) ရာခိုင်နှုန်းကို **subject** အနေနှင့်သုံးထားပြီး **"of"**နောက်ကလိုက်က စာလုံးပေါ်မူတည်၍ **predicate** သည် အနည်းကိန်း(သို့)အများကိန်းတစ်ခုခုဖြစ်နိုင်သည်။

**Two-fifths of our profits go to reinvestment (Profits** အများကိန်း)

အမြတ်၏ ငါးပုံနှစ်ပုံသည် ပြန်လည်အရင်းအနှီးမြှုပ်နှံမှုထဲသို့ ဝင်သွားသည်။

**Fifty percent of his crop is corn.**

**(crop** အနည်းကိန်း)

သူ့သီးနှံတွေရဲ့ ငါးဆယ်ရာခိုင်နှုန်းက ပြောင်းပဲ။

6. စုပေါင်းနာမ်(**collective noun** )ကို တစ်လုံးတစ်ခုထဲ သဘောထားပါက အနည်းကိန်းကြိယာ သုံးပြီး တစ်ခုချင်းအနေနှင့် သဘောထားပါက အများကိန်း ကြိယာသုံးသည်။

**The crowd was large and disorderly.**

လူအုပ်စုသည် များပြားပြီး စည်းမဲ့ကမ်းမဲ့ဖြစ်နေသည်။

The crowd were fighting among them-selves.

လူအုပ်စုအချင်းချင်း သူတို့ချင်းတိုက်ခိုက်နေကြသည်။

7. စာအုပ်အမည်၊ ပြဇာတ်၊ ဆောင်းပါးအမည်များစသည်၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအမည်များ၊နောက်တွင်အမြဲပင် အနည်းကိန်းကြိယာလိုက်ရသည်။

The boys Scouts has its headquarters near my office.

ဘွိုင်းစကောက်လုလင်ရုံးချုပ်သည် ကျွန်တော်ရုံးအနီးတွင် ရှိသည်။

U Mg Mg Oo and Brothers is a large company in our city.

ဦးမောင်မောင်ဦးနှင့်ညီများက ကျွန်တော်တို့မြို့မှာ အကြီးဆုံး ကုမ္ပဏီပဲ။

8. အချို့နာမ်များသည် အမြဲပင် အနည်းကိန်းအနေနှင့်အဓိပ္ပာယ် ဆောင်သည်။

Economics is my favourite subject.

ဘောဂဗေဒဟာ ကျွန်တော်အကြိုက်ဆုံးဘာသာပဲ။

Politics plays a large part in their daily lives.

နိုင်ငံရေးက သူတို့ရဲ့နေ့စဉ်ဘဝမှာ ကြီးမားတဲ့ အခန်းကဏ္ဍက ပါဝင်နေတယ်။

9. Subject နှစ်ခုကို and နှင့်ဆက်ထားလျှင် ကြိယာသည် အများ ကိန်းသာ ဖြစ်ရမည်။

Baby and Cathy come to class together.

ဘေဘီနှင့်ကေသီတို့ အတူတကွအတန်းထဲသို့လာကြသည်။

10. Subject နှစ်ခုကို or (သို့) nor နှင့်ဆက်ထားပါကကြိယာသည် ကပ်လျက်ရှိသော subject အနည်းအများပေါ်တွင် မူတည်၍ အနည်းအများဖြစ်သည်။

**Either the manager or the workers are wrong.**

မန်နေဂျာ သို့မဟုတ် အလုပ်သမားတွေ တစ်ဦးဦးတော့ မှားနေပြီ။

**Neither the workers nor the manager is wrong.**

အလုပ်သမားရော၊ မန်နေဂျာပါ မမှားကြပါ။

11. All, any, more, most, none, some တို့သည် အသုံးအနှုန်းပေါ်မူတည်၍ အနည်းကိန်း(သို့)အများကိန်း တစ်ခုခုဖြစ်နိုင်သည်။

**Most of the money was recovered.**

(money သည်ရေတွက်၍မရသော အနည်းကိန်း)ငွေအများစု ပြန်ရသည်။

**Most of the gems were recovered.**

(gems သည် ရေတွက်ရသော အများကိန်း)ကျောက်မျက်ရတနာအများစုပြန်ရသည်။

12. Subject ရှေ့တွင် Every နှင့် Many a ကိုသုံးထားပါက အနည်းကိန်းကြိယာကို အသုံးရသည်။

Every student, teacher, and staff member was asked to contribute.

